ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်၊ ကြာသပတေးနေ့၊ (30-9-2010) (၆၅၃၇)

နိုင်ငံတော်၏ စေတနာကို နားလည်ပြီး ဤအဆောက်အအုံကြီး မပျက်မစီးရအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန်နှင့် မိမိတို့၏ လူမှုစီးပွားဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဘဝသစ်တွင် စိတ်သစ် လူသစ်ဖြင့် အလုပ်ကြိုးစားလုပ်ကိုင်ဆောင်ရွက်သွားကြရန်လို။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် လူငယ်အားမာန်သင်တန်းကျောင်း လွှဲပြောင်းပေးအပ်ပွဲနှင့် လူနာတင်ယာဉ်နှင့် မီးသတ်ယာဉ်ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် လပွတ္တာမြို့ လူငယ်အားမာန်သင်တန်းကျောင်းဖွင့်ပွဲနှင့် ပြင်စလူမြို့ (၂၅)ခုတင်ဆံ့ ဆေးရုံသစ်ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်အားပေးချီးမြှင့်

နေပြည်တော်　　စက်တင်ဘာ　　၂၉

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း၊ ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono နှင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် လပွတ္တာမြို့ သုံးမိုင်မြို့သစ်ရှိ လပွတ္တာမြို့နယ် ခုတင်(၂၀၀)တိုးချဲ့ဆေးရုံကြီးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီးနောက် နံနက် ၉ နာရီ ၂၅ မိနစ်တွင် သုံးမိုင်မြို့သစ်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်း ဦးစီးဌာန၏ လူငယ်အားမာန် သင်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်သည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း၊ နယ်စပ်ဒေသနှင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့☆

လပွတ္တာမြို့ ဖွံ့ဖြိုးစည်ပင်နေမှုကို ဝေဟင်မှ တွေ့ရစဉ်။

(သတင်းစဉ်)

၁၀-၉-၂၀၁၀
(ကြာသပတေးနေ့)

လူသစ် စိတ်သစ် ဘဝသစ်ဖြင့် ရပ်တည်

နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းလျက်ရှိရာ စီးပွားရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍအလိုက် အခြေခံအဆောက်အအုံများစွာကို နိုင်ငံတစ်ဝန်း လွှမ်းခြုံတည်ဆောက်ပေးလျက်ရှိသည်။ ယင်းသို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဖော်ဆောင်ရာတွင် ၂၀၀၈ ခုနှစ် မေ ၂ရက်က မုန်တိုင်းတိုက်ခတ်မှုခံခဲ့ရသည့် မြစ်ဝကျွန်းပေါ်ဒေသကို အလေးထားဖြည့်ဆည်းပေးခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသသည် ပထဝီအနေအထားအရ မြစ်ချောင်းများ ပေါများသည်။ ပင်လယ်ပိုင်းဒေသများသည် လေဒဏ်၊ မိုးဒဏ်ခံကြရပြီး အတွင်းပိုင်းဒေသများနှင့် ဆက်သွယ်သွားလာမှုခက်ခဲသဖြင့် ဖွံ့ဖြိုးတိုးတက်မှု အားနည်းခဲ့ရသည်။ ထို့ကြောင့်ပင် မုန်တိုင်းဒဏ်ခံခဲ့ရသည့် မြို့ပြကျေးရွာများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်အတူ လမ်းမကြီး ၁၁ လမ်းပါဝင်သည့် လမ်းကွန်ရက်စီမံကိန်းကြီးကို ဦးစားပေး ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

တစ်ချိန်တည်းတွင် အဆိုပါမြို့ပြကျေးရွာများမှ ပြိုကျပျက်စီးသွားသည့် ရုံးဌာန၊ စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်း၊ သာသနိကအဆောက်အအုံများကို အရေးပေါ် ပြင်ဆင်ဆောက်လုပ်ပေးခဲ့သည်။ ပြည်သူများအတွက် တန်ဖိုးသင့်အိမ်ရာ၊ လယ်ယာလုပ်ငန်း၊ ရေလုပ်ငန်းနှင့် ဆားလုပ်ငန်းစသည့် အသက်မွေးဝမ်းကျောင်းမှုများကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်ထူထောင်ပေးနိုင်ခဲ့ပြီဖြစ်သည်။ ပညာရေး၊ ကျန်းမာရေး၊ လူနေမှုစနစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တွင် သဘာဝဘေးဒဏ်ကာကွယ်နိုင်ရေးတို့ကိုပါ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးခဲ့ရာ အချိန်တိုကာလအတွင်း သာလွန်မြင့်မားသည့် အခြေအနေသစ်တစ်ရပ်သို့ ရောက်ရှိလာခဲ့ပေပြီ။

မုန်တိုင်းဒဏ်ခံခဲ့ရသည့် ဒေသများအနက် လပွတ္တာခရိုင်သည် ပင်လယ်ကမ်းစပ်နှင့် နီးကပ်သည့်အတွက် အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမှု ပိုမိုများပြားခဲ့ရသည်။ ယခုအခါ လပွတ္တာမြို့ကို ခရိုင်မြို့အင်္ဂါရပ်နှင့်အညီ မြို့ကွက်သစ်၊ လမ်းများ၊ ကျောင်းများနှင့် ဆေးရုံ၊ ဆေးပေးခန်းများကို ထူထောင်တည်ဆောက်ပေးနေပြီဖြစ်သည်။

လပွတ္တာမြို့နယ် သုံးမိုင်မြို့ကွက်သစ်ရှိ ခုတင် (၂၀၀) တိုးချဲ့ဆေးရုံကြီးကို စက်တင်ဘာ ၂၈ ရက်က ဖွင့်လှစ်လိုက်သည်။ ပြင်ပလူနာဌာန၊ အရေးပေါ်ကုသဌာန၊ ဓာတ်မှန်ဌာန၊ ခွဲစိတ်ကုသဆောင်၊ အရိုးရောဂါကုသဆောင်၊ သားဖွားနှင့် မီးယပ်ကုသဆောင်၊ ကလေးကုသဆောင်၊ အထူးကုသခန်းနှင့် ခွဲစိတ်ခန်းများပါရှိသည်။ ယခင်က (၂၅)ခုတင်ဆံ့ ဆေးရုံသာရှိခဲ့ရာမှ ခုတင် (၂၀၀)ဆံ့ ဆေးရုံကြီးဖြစ်လာသည့်အတွက် အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များနှင့် သူနာပြုဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးနိုင်လျက်ရှိသည်။

လပွတ္တာမြို့အပါအဝင် ဧရာဝတီတိုင်းဒေသကြီးရှိ မုန်တိုင်းဒဏ်ခံခဲ့ကြရသည့် ပြည်သူအများအပြားသည် ကြီးမားသော သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်ကြုံတွေ့ခဲ့ကြသည်။ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ဝိုင်းဝန်းကူညီဖေးမမှုဖြင့် ကြံ့ကြံ့ခံ၍ ရပ်တည်နိုင်ခဲ့ပြီ။ ယနေ့အချိန်အခါတွင် သာလွန်ကောင်းမွန်သည့် လူနေမှုစနစ်နှင့် ပတ်ဝန်းကျင်အသစ်တွင် စိတ်သစ်၊ လူသစ်၊ ဘဝသစ်ဖြင့် ခိုင်ခိုင်မာမာ ရပ်တည်နေနိုင်ကြပြီ။ ယင်းစိတ်ဓာတ်အခြေခံဖြင့် မိသားစုအလိုက်၊ ဒေသအလိုက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ကြိုးပမ်း စွမ်းဆောင်သွားကြရမည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြစ်ကြီးနား-နမ့်စန်ရထားလမ်း၏ သီပေါ-လဲချား ရထားလမ်းပိုင်း စတင်ဖောက်လုပ်ခြင်းအခမ်းအနား

တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော တက်ရောက်

တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇောနှင့် ဝန်ကြီး ဦးအောင်မင်းတို့ သီပေါ-လဲချား ရထားလမ်းပိုင်းသစ် ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၂၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက အကောင်အထည်ဖော်ဖောက်လုပ်မည့် မြစ်ကြီးနား-ဝိုင်းမော်-ဗန်းမော်-မိုးမိတ်-ကျောက်မဲ-သီပေါ-လဲချား-နမ့်စန် ရထားလမ်း၏ သီပေါ-လဲချား ရထားလမ်းပိုင်း စတင်ဖောက်လုပ်ခြင်းအခမ်းအနားကို စက်တင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် ကျောက်မဲခရိုင် သီပေါမြို့နယ် ဆွတ်လန်းကျေးရွာ ယာယီမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာနမှ တာဝန်ရှိသူတစ်ဦးက သီပေါ-လဲချား ရထားလမ်းပိုင်း စီမံကိန်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးက မြန်မာနိုင်ငံအတွင်း ဒေသအနှံ့၌ နေထိုင်ကြသည့် တိုင်းရင်းသား ညီအစ်ကို၊ မောင်နှမများ ဒေသတစ်ခုနှင့်တစ်ခု ကူးလူးဆက်သွယ်သွားလာရန်အတွက် ရထားလမ်းသစ်များကို စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော် ဖောက်လုပ်ပေးလျက်ရှိသည့်အခြေအနေများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပူးပေါင်း၍ မူဆယ်-လားရှိုး-မန္တလေးမှ မကွေး-မင်းဘူး-ကျောက်ဖြူ ရေနက်ဆိပ်ကမ်းအထိ ရထားလမ်းဖောက်လုပ်ရန်ရှိသည့်အတွက် လုပ်ငန်းများစတင်ဆောင်ရွက်နေသည့် အခြေအနေများ၊ ဗန်းမော်-သီပေါ-နမ့်စန်မြို့များတွင် ကွန်ကရစ်ဇလီဖားစက်ရုံများ တည်ဆောက်သွားမည့်အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းမှူးက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် သီပေါ-လဲချား ရထားလမ်းပိုင်းသစ် လမ်းအူကြောင်း ရွေးချယ်ထားရှိမှု၊ ဒုဋ္ဌဝတီမြစ်အား ဖြတ်သန်းဖောက်လုပ်ရန် တံတားတည်ဆောက်မည့်နေရာ ရွေးချယ်ထားမှုနှင့် ရထားလမ်းပိုင်းအား မြေသားလုပ်ငန်း စတင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ သီပေါဘူတာမှ လဲချားသို့ ရထားလမ်းစတင်ခွဲထွက်မည့် ရထားလမ်းအူကြောင်း ရွေးချယ်ထားရှိမှုနှင့် သီပေါဘူတာယာဒ်ဝင်းအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Toyo Chemical Sdn Bhd ၏ Toyo Ink နှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၉

မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၏ ဆောင်ရွက်မှုဖြင့် ဂျပန်နိုင်ငံ Toyo Ink Group of Companies (TIG) ၏ အဖွဲ့ဝင်ဖြစ်သော မလေးရှားနိုင်ငံမှ Toyo Chemical Sdn Bhd ၏ Toyo Ink နှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်၊ Toyochem Specialty Chemical Sdn Bhd မှ Chairman CEO, Mr. Haruhiko Akutsu နှင့် မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးတို့က အမှာစကားပြောကြားကြသည်။ **(ဓါတ်ပုံ)**

ထို့နောက် Mr. Robin Loke နှင့် Mr. V. C Poh တို့က Toyo Ink ထုတ်လုပ်မှုနှင့် စပ်လျဉ်း၍ ပြောကြားကြပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးတင်ကိုကိုက ကျေးဇူးတင်စကားပြောကြားသည်။

Toyo Ink (Japan) သည် နှစ်ပေါင်း (၁၀၀)ကျော်က စတင်တည်ထောင်ခဲ့သော ကုမ္ပဏီဖြစ်ပြီး Toyo Ink သည် မြန်မာနိုင်ငံ ပုံနှိပ်လုပ်ငန်းရှင်များနှင့် အနှစ် (၂၀) ကျော် ကာလက ရင်းနှီးပြီးသော မင်အမျိုးအစား ဖြစ်သည်။

Toyo Ink သည် ဂျပန်နည်းပညာနှင့် ဂျပန်နိုင်ငံမှ ကုန်ကြမ်းများကို အသုံးပြုပြီး အဆင့်မြင့် ထုတ်လုပ်ထားသော အရည်အသွေးမြင့်မားသည့် မင်ဖြစ်သည်။

Toyo Chemical Sdn Bhd အဖွဲ့အနေဖြင့်လည်း မြန်မာနိုင်ငံသို့ လာရောက်စဉ် ပုံနှိပ်လုပ်ငန်းရှင်ကြီးများအတွက် အကောင်းဆုံးဝန်ဆောင်မှုများ ပေးခဲ့ကြောင်း သိရသည်။

ပုံနှိပ်လုပ်ငန်းရှင်များအနေဖြင့် Toyo Ink နှင့် စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက တော်ဝင်မြင့်မိုရ် ကုမ္ပဏီလီမိတက် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် (၃၂)လမ်း (အလယ်) အမှတ် (၁၆၃) ဖုန်း-၂၄၃၁၅၁နှင့် ၃၈၁၂၈၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။
(သတင်းစဉ်)

ပေးအပ်လှူဒါန်း

အလုပ်သင်ဗိုလ်လောင်း သင်တန်း အမှတ်စဉ်(၁၅)၏ (၂၂) နှစ်ပြည့် အမှတ်တရအဖြစ် အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)ရှိ လူနာစစ်သည်များအတွက် အလှူငွေကျပ် ခုနစ်သိန်းကို မှတ်ပုံတင်မှူး ဗိုလ်မှူးတင်ထွန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ရဲမွန်တောင်နေ ဦးစိန်မင်း-ဒေါ်ခင်ပြုံးရီတို့၏ ရွှေရတုမင်္ဂလာ အထိမ်းအမှတ် အလှူအဖြစ် ဆွမ်းပဒေသာပင်အတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီး ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြေယာရှုခင်း အလှပြုပြင်

မူဆယ် စက်တင်ဘာ ၂၉

မူဆယ်မြို့ သာယာလှပရေးအတွက် ကံ့ကော်မီးပွိုင့်လမ်းဆုံ၌ မြေယာရှုခင်း အလှပြုပြင်ဆောင်ရွက်ရာသို့ ဦးစီးအရာရှိ ဦးဝင်းဇော် ကြီးကြပ်၍ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။
(မြို့နယ်စည်ပင်)

❑ကျော့ဖုံးမှ

တစ်ခုဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံအားလုံးနီးပါး ကုလသမဂ္ဂအဖွဲ့ကြီးမှာ ပါဝင်နေမှုဟာ ရှင်သန်နေတဲ့ အထောက်အထားတစ်ရပ်ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ထိန်းသိမ်းစောင့်ရှောက်ရေးဟာ ကုလသမဂ္ဂ ပဋိညာဉ်မှာပါရှိတဲ့ မွန်မြတ်တဲ့ အဓိကရည်မှန်းချက်ဖြစ်ပြီး ယင်းရည်မှန်းချက် ရရှိရေးအတွက် အဖွဲ့ဝင်နိုင်ငံအားလုံးက ကြိုးပမ်းဆောင်ရွက်ကြရန် အခိုင်အမာ ကတိကဝတ်ပြုထားကြပါတယ်။

ကုလသမဂ္ဂအဖွဲ့ကြီးအနေနဲ့ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ထိန်းသိမ်းနိုင်ရေးအတွက် အလေးထားဆောင်ရွက်နေစဉ်မှာ ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုအသစ်များဖြစ်ကြတဲ့ ရာသီဥတုပြောင်းလဲမှု၊ ဆင်းရဲမွဲတေမှု၊ ငတ်မွတ်ခေါင်းပါးမှု၊ ရေနှင့်စွမ်းအင်မဖူလုံမှု စသည်တို့ဟာ အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းအနေနဲ့ သတိကြီးစွာထားပြီး အလျင်အမြန် ဖြေရှင်းရမယ့် ကိစ္စရပ်များ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ကမ္ဘာကြီးမှာ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တရားမျှတရေးနဲ့ ကြွယ်ဝချမ်းသာရေးဆိုတဲ့ လူသားမျိုးနွယ်များရဲ့ ဘုံရည်မှန်းချက်များဟာလည်း မှေးမှိန်နေဆဲဖြစ်ပါတယ်။ ယနေ့ကမ္ဘာကြီးမှာ မညီမျှမှုများ၊ မတရားမှုများ၊ ပဋိပက္ခများ၊ အင်အားအသုံးပြုမှုများ၊ အခြားနိုင်ငံရဲ့ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှုများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် အနိုင်အထက်ပြုရန် ကြိုးပမ်းမှုများ ရှိနေဆဲဖြစ်ပါတယ်။

ဒီလိုအခြေအနေမျိုးမှာ ၎င်းခြိမ်းခြောက်မှုတွေကို ရင်ဆိုင်ဖြေရှင်းနိုင်ဖို့အတွက် ငြိမ်းချမ်းရေး၊ လုံခြုံရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးစတဲ့ လုပ်ငန်းများ ဆောင်ရွက်ကြရာမှာ ကုလသမဂ္ဂရဲ့ နဂိုရှိရင်းစွဲ အခန်းကဏ္ဍကို ပိုမိုကြိုးပမ်း မြှင့်တင်သွားကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ များပြားလာတဲ့ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းဖို့အတွက် မျက်မှောက်ကာလရဲ့ ပကတိအခြေအနေနဲ့အညီ ဒီမိုကရေစီနည်းကျပြီး ထိရောက်မှုရှိမယ့် ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးကို အရှိန်အဟုန်နဲ့ဆောင်ရွက်ပြီး ကုလသမဂ္ဂရဲ့ အခန်းကဏ္ဍ ခိုင်မာရေးကို ဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။

ဒီလိုဆောင်ရွက်တဲ့အခါ ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုမှာ ကုလသမဂ္ဂရဲ့ ဗဟိုကျတဲ့ အခန်းကဏ္ဍကိုခိုင်မာစေရန် ရည်ရွယ်ဆောင်ရွက်ရမယ်လို့ မြန်မာနိုင်ငံအနေနဲ့ ခိုင်မာစွာယုံကြည်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ကုလသမဂ္ဂအဖွဲ့ကြီးဟာ တိုးပွားလာတဲ့ ကုလသမဂ္ဂအဖွဲ့ဝင်အရေအတွက်ကို ထင်ဟပ်တဲ့ပြုပြင်ပြောင်းလဲမှု ပြုလုပ်သင့်တယ်ဆိုတဲ့သဘောထားကို အများနှင့်အတူ ထပ်တူထပ်မျှရှိပါတယ်။ ဒါကြောင့် အထွေထွေညီလာခံရဲ့အခန်းကဏ္ဍ ပိုမိုခိုင်မာရန် ဆောင်ရွက်မှုနဲ့ လုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲမှုတို့ အပါအဝင် ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲမှုများ အရှိန်အဟုန်ဖြင့်ပြုလုပ်ရန်လည်း တိုက်တွန်းလိုပါတယ်။ လုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်ရာမှာ ပွင့်လင်းမြင်သာပြီး ထိရောက်မှုရှိစေရန်နဲ့ တာဝန်ယူမှုရှိစေရန် လိုအပ်ပါတယ်။ ဒါကြောင့် လုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲရေးမှာ အမြဲတမ်းအဖွဲ့ဝင်နဲ့ အမြဲတမ်းမဟုတ်သောအဖွဲ့ဝင်များ တိုးချဲ့ရေးအယူအဆကို မိမိတို့ ထောက်ခံပါတယ်။

ထောင်စုနှစ်ရည်မှန်းချက်များ

ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက်များ အကောင်အထည်ဖော်ရန်အတွက် သတ်မှတ်ကာလ ၂၀၁၅ ခုနှစ် ရောက်ရှိဖို့ ငါးနှစ်သာလိုတော့တဲ့အလျောက် ယင်းရည်မှန်းချက်များ ပြည့်မီရရှိစေဖို့အတွက် အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းအနေနဲ့ မိမိတို့ရဲ့ ကြိုးပမ်းမှုများကို တိုးမြှင့်ပြီး ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ပြီးခဲ့တဲ့အပတ်က နယူးယောက်မှာ ကျင်းပခဲ့တဲ့ ထောင်စုနှစ်ရည်မှန်းချက်ဆိုင်ရာ အဆင့်မြင့်အစည်းအဝေးနဲ့ ဆက်စပ်အစည်းအဝေးများကို ကျွန်တော်တို့အနေနဲ့ ကြိုဆိုပါတယ်။ ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီစေရေးအတွက် ကမ္ဘာလုံးအတိုင်းအတာနဲ့ တိုးတက်မှုများရှိခဲ့သော်လည်း ယင်းတိုးတက်မှုများဟာ မျှော်မှန်းသလောက် မပြည့်မီသေးတာတွေ့ရပါတယ်။ တိုးတက်မှုများဟာ ဒေသတစ်ခုနဲ့ တစ်ခုအကြားမှာ မညီမျှမှုနဲ့ ကွဲပြားမှုများ ရှိနေဆဲဖြစ်ပါတယ်။ တိုးတက်မှုရစေရန် ဆောင်ရွက်ရာမှာ အခြေခံအားဖြင့် သက်ဆိုင်ရာ နိုင်ငံအစိုးရများမှာ တာဝန်ရှိပေမယ့် အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းအနေနဲ့လည်း ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် လိုအပ်မယ့်အခြေအနေကောင်းများကို ကူညီပံ့ပိုး ဖန်တီးပေးဖို့လိုအပ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ အကူအညီများဟာ ဖွံ့ဖြိုးဆဲနိုင်ငံများအနေနဲ့ သူတို့ရဲ့ ဖွံ့ဖြိုးရေး ရည်မှန်းချက်များ ပြည့်မီစေရေး ဆောင်ရွက်ရာမှာ အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်ပါတယ်။

ဒါကြောင့်မို့ ဖွံ့ဖြိုးဆဲနိုင်ငံများအနေနဲ့ သူတို့ရဲ့ ထောင်စုနှစ် ရည်မှန်းချက်များ ပြည့်မီစေရေး ဆောင်ရွက်ရာမှာ ဖွံ့ဖြိုးပြီးနိုင်ငံများအနေနဲ့ တရားဝင် ဖွံ့ဖြိုးမှု အကူအညီများကို ခွဲခြားမှုမရှိဘဲ ဖြည့်ဆည်းပေးရေး၊ ရင်းနှီးမြှုပ်နှံမှု ပိုမိုပြုလုပ်ရေး၊ ဈေးကွက်ရရှိစေရေးနဲ့ ကြွေးမြီပြဿနာများ ဖြေရှင်းပေးရေးတို့ဟာ မရှိမဖြစ်လိုအပ်ကြောင်း အလေးအနက်ထား ပြောကြားလိုပါတယ်။ မျှတမှုမရှိတဲ့ စီးပွားရေးအကျပ်ကိုင်မှုများ၊ ကုန်သွယ်ရေး ကန့်သတ်ပိတ်ဆို့မှုများ ကျင့်သုံးခြင်းများဟာ ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီစေရေးနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသလို လူထုကိုလည်း ထိခိုက်စေနိုင်တဲ့အတွက် ယခုအချိန်မှာ ဖယ်ရှားပစ်ဖို့ လိုပြီဖြစ်ပါတယ်။ မိမိတို့ မြန်မာနိုင်ငံအနေနဲ့ စိန်ခေါ်မှုများ ရှိသော်ငြားလည်း ထောင်စုနှစ်ရည်မှန်းချက် ရှစ်ရပ်အနက် အများစုကို အနေအထားအဆင့်အမျိုးမျိုးဖြင့် အောင်မြင်မှု ရရှိနေပါတယ်။ အထူးသဖြင့် ဆင်းရဲနွမ်းပါးမှု လျော့ပါးစေရေး၊ စားနပ်ရိက္ခာ ဖူလုံရေးနဲ့ ပညာရေး၊ ကျန်းမာရေးအခြေအနေ မြင့်မားစေရေးစတဲ့ နယ်ပယ်များမှာ အခြေအနေကောင်းများ ရရှိနေကြောင်း ပြောကြားလိုပါတယ်။

လက်နက်ဖျက်သိမ်းရေး

သဘာပတိကြီးခင်ဗျား-

မြန်မာနိုင်ငံဟာ နျူကလီးယားလက်နက် မပြန့်ပွားရေးစာချုပ်နဲ့ အရှေ့တောင်အာရှ နျူကလီးယားကင်းမဲ့ဇုန်စာချုပ်တို့ရဲ့ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တာနဲ့အညီ နိုင်ငံတိုင်းရဲ့ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုရေးဆိုတဲ့ အခွင့်အရေးကို အသိအမှတ်ပြုသလို နျူကလီးယားလက်နက် ထုတ်လုပ်ခြင်းနဲ့ ပြန့်ပွားခြင်းတို့ကို အခိုင်အမာဆန့်ကျင်ပြီး နျူကလီးယား လက်နက်ကင်းစင်တဲ့ ကမ္ဘာကြီးဖြစ်ပေါ်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်မှန်သမျှကို အလေးအနက်ထောက်ခံပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့အနေနဲ့ အမေရိကန်ပြည်ထောင်စုသမ္မတနဲ့ ရုရှားပြည်ထောင်စုသမ္မတတို့က မဟာဗျူဟာလက်နက်လျှော့ချရေးဆိုင်ရာ စာချုပ်အသစ်တစ်ရပ် လက်မှတ်ရေးထိုးခဲ့ခြင်းကို ကြိုဆိုပါတယ်။ ဒီအချက်ဟာ နျူကလီးယားလက်နက်များဖယ်ရှားရေးနဲ့ မဟာဗျူဟာမြောက် ထိုးစစ်သုံး လက်နက်များ ကန့်သတ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ကျွန်တော်တို့ရဲ့ မျှော်လင့်ချက်များကို တိုးတက်မြင့်မားလာစေခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ မဟာဗျူဟာ လက်နက်လျှော့ချရေးဆိုင်ရာစာချုပ် အမြန်ဆုံးအသက်ဝင်အတည်ဖြစ်စေရေးနဲ့ စာချုပ်အတိုင်း အပြည့်အဝ အကောင်အထည်ဖော်ရေးအတွက် အများနဲ့အတူ တောင်းဆိုလိုပါတယ်။

နိုင်ငံဖြတ်ကျော်မှုခင်းများ/ကူးစက်ရောဂါများ

သဘာပတိကြီးခင်ဗျား-

ကျွန်တော်တို့ ဆောင်ရွက်နေတဲ့ နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးနဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေး ကြိုးပမ်းချက်ဟာ မွန်မြတ်တဲ့ ဆောင်ရွက်ချက်ဖြစ်သလို နိုင်ငံတစ်နိုင်ငံတည်း ဆောင်ရွက်လို့မရတဲ့ ကိစ္စဖြစ်ပါတယ်။ ကမ္ဘာလုံးဆိုင်ရာ ကြိုးပမ်းဖြေရှင်းမှုအဖြစ် ဝိုင်းဝန်းညှိနှိုင်းကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ပုံစံမျိုးစုံနဲ့ အကြမ်းဖက်ဆောင်ရွက်မှုအားလုံးကို ပြတ်ပြတ်သားသား ရှုတ်ချပါတယ်။ မူးယစ်ဆေးဝါးတရားမဝင်သယ်ဆောင်ရောင်းဝယ်မှု၊ လူကုန်ကူးမှု၊ ဆိုက်ဘာမှုခင်းစတဲ့ နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးနဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေး လုပ်ငန်းများမှာ ကျွန်တော်တို့အနေနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ နီးနီးကပ်ကပ် ခိုင်ခိုင်မာမာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံများနဲ့အတူ ပူးပေါင်းပြီး ကူးစက်ရောဂါကာကွယ်ရေး၊ ထိန်းသိမ်းရေး၊ ကြိုတင်ပြင်ဆင်ရေးနဲ့ တုံ့ပြန်ရေးလုပ်ငန်းများကိုလည်း ဒေသတွင်းမှာ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေပါတယ်။

ရာသီဥတုပြောင်းလဲမှု

ရာသီဥတုပြောင်းလဲမှုဟာ လူသားမျိုးနွယ်ကို ခြိမ်းခြောက်နေသော ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုပြဿနာဟာ နိုင်ငံဆိုင်ရာ နယ်နိမိတ်ကန့်သတ်မှု မရှိတဲ့အတွက် မည်သည့်နိုင်ငံမဆို ရာသီဥတုပြောင်းလဲမှုဒဏ်က ကင်းလွတ်မှုမရှိနိုင်ပါ။ ဟေတီနိုင်ငံမှာဖြစ်ပွားခဲ့တဲ့ မြေငလျင်၊ တရုတ်နိုင်ငံနဲ့ ပါကစ္စတန်နိုင်ငံများမှာ ဖြစ်ပွားခဲ့တဲ့ ရေလွှမ်းမိုးမှု၊ ကမ္ဘာအနှံ့ဖြစ်ပွားခဲ့တဲ့ အပူလှိုင်းဒဏ်စတဲ့ မကြုံစဖူး ပြင်းထန်တဲ့ သဘာဝဘေးအန္တရာယ်များဟာ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုရဲ့ ထင်ရှားတဲ့ အကျိုးဆက်သာဓကများဖြစ်ကြပါတယ်။ မြန်မာနိုင်ငံဟာလည်း ရာသီဥတုပြောင်းလဲမှုရဲ့ဒဏ်ကို ခံစားခဲ့ရပါတယ်။ မြန်မာနိုင်ငံသမိုင်းမှာ မကြုံစဖူး ပြင်းထန်လှတဲ့ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကို ၂၀၀၈ ခုနှစ် မေလမှာ ခံစားခဲ့ရပါတယ်။ ကျွန်တော်တို့အနေနဲ့ ယခုအခါမှာ အရေးပေါ်အခြေအနေကို ကျော်လွှားနိုင်ခဲ့ပြီဖြစ်ပြီး ပိုမိုကောင်းမွန်တဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ကုလသမဂ္ဂ၊ အာဆီယံနဲ့ အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းတို့နဲ့အတူ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြောကြားလိုပါတယ်။ မြန်မာနိုင်ငံအနေနဲ့ သဘာဝဘေးအန္တရာယ် တုံ့ပြန်ရာမှာ လိုအပ်တဲ့ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပံ့ပိုးပေးခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းကိုလည်း ကျေးဇူးတင်ရှိကြောင်း အခွင့်ကြုံခိုက် ပြောကြားလိုပါတယ်။

တစ်ကမ္ဘာလုံးအတွက် အရေးကြီးတဲ့ ရာသီဥတုပြောင်းလဲမှုပြဿနာကို ကိုင်တွယ်ဖြေရှင်းရာမှာ ထိရောက်စွာ ဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော်တို့အနေနဲ့ သဘာဝဘေးအန္တရာယ်လျော့ကျစေရန် လိုက်လျောညီထွေဖြစ်တဲ့ နည်းလမ်းများနဲ့ ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချရန် လိုအပ်သလို ဖွံ့ဖြိုးဆဲနိုင်ငံများကို ဘဏ္ဍာရေးဆိုင်ရာ အရင်းအမြစ်များပံ့ပိုးခြင်း၊ နည်းပညာလွှဲပြောင်းပေးခြင်းအပါအဝင် ကြိုးပမ်းမှုများကို နှစ်ဆတိုးဆောင်ရွက်သွားရန် လိုအပ်ပါတယ်။ ရာသီဥတုပြောင်းလဲမှုဟာ စက်မှုဖွံ့ဖြိုးပြီး နိုင်ငံကြီးများအနေနဲ့ အဓိကတာဝန်ရှိကြသော်လည်း ရာသီဥတုပြောင်းလဲမှုရဲ့ ဆိုးကျိုးများကို အများဆုံးခံကြရတာကတော့ ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်ကြပါတယ်။ ဒါကြောင့်မို့ ရာသီဥတု ပြောင်းလဲမှုပြဿနာကို ချဉ်းကပ်ဖြေရှင်းရာမှာ "အများနဲ့ဆိုင်တဲ့တာဝန်ဖြစ်သော်လည်း ကွဲပြားခြားနားတဲ့ တာဝန်ယူမှုနဲ့ မိမိတို့စွမ်းဆောင်နိုင်မှု အနေအထားအလိုက် ဆောင်ရွက်ရမည်" ဆိုတဲ့မူကို အခြေခံရမယ်လို့ မြန်မာနိုင်ငံအနေနဲ့ လက်ခံယုံကြည်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ယခုနှစ်ကုန်ပိုင်းမှာ မက္ကဆီကိုနိုင်ငံ ကန်ကွန်းမှာ ကျင်းပမယ့် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲရေးကွန်ဖရင့်ကို မျှော်လင့်အလေးထားလျက်ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ကန်ကွန်းကွန်ဖရင့်မှ အရေးပါတဲ့ အကျိုးရလဒ်များပေါ်ထွက်လာပြီး ဖွံ့ဖြိုးပြီးနိုင်ငံများအနေနဲ့ ဘေးဖြစ်စေတဲ့ ကာဗွန်ထုတ်လွှတ်မှုကို ခိုင်မာစွာလျှော့ချပြီး ဖွံ့ဖြိုးဆဲနိုင်ငံများကို သဘာဝဘေးအန္တရာယ်လျော့ကျစေရေးနဲ့ လိုက်လျောညီထွေဖြစ်စေမယ့် လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကူညီမှုများပေးသွားရန်ဆိုတဲ့ ၎င်းတို့ရဲ့ကတိကဝတ်ပြုမှုများကို အကောင်အထည်ဖော်နိုင်မယ်လို့ မျှော်လင့်ပါတယ်။

အမျိုးသားရွေးကောက်ပွဲလုပ်ငန်းစဉ်

သဘာပတိကြီးခင်ဗျား-

အခွင့်ကြုံခိုက် ယခုအထွေထွေညီလာခံကို ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများကို အကျဉ်းချုံးတင်ပြလိုပါတယ်။

မြန်မာနိုင်ငံဟာ လက်ရှိကာလမှာ နိုင်ငံရေးပြောင်းလဲမှုရဲ့ အရေးပါတဲ့ အဆင့်ကို ဖြတ်သန်းလျက်ရှိပါတယ်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို မြန်မာနိုင်ငံမှာ ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့မှာ နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ ပဉ္စမအဆင့်အနေနဲ့ ကျင်းပရန် စီစဉ်ပြီးဖြစ်ပါတယ်။

တိုင်းရင်းသားလူမျိုးစုများကို ကိုယ်စားပြုတဲ့ပါတီများအပါအဝင် နိုင်ငံရေးပါတီ(၃၇) ပါတီတို့ဟာ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်နေရာ ၁၁၇၁ နေရာအတွက် ကိုယ်စားလှယ်လောင်း ၃၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံကြမှာ ဖြစ်ပါတယ်။ အဆိုပါ ယှဉ်ပြိုင်မှုပမာဏကို ကြည့်ရင် ရွေးကောက်ပွဲဟာ အားလုံးပါဝင်မှုရှိတယ်ဆိုတာ ထင်ရှားပါတယ်။ နိုင်ငံရေးပါတီများအနေနဲ့ သူတို့ရဲ့မဲဆွယ်စည်းရုံးမှု လုပ်ငန်းစဉ်များစတင်နေပြီဖြစ်ပါတယ်။ ပြည်သူများအနေနဲ့ သူတို့အတွက် ပိုမိုအကျိုးပြုနိုင်မယ့် ကိုယ်စားလှယ်လောင်းများကို စိတ်ကြိုက်ရွေးချယ်ဖို့ ဒီမိုကရေစီ အခွင့်အလမ်းများ ရရှိကြမှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ အတိတ်သမိုင်းမှာ ပါတီစုံအထွေထွေရွေးကောက်ပွဲများ ကျင်းပခဲ့ဖူးတဲ့ အတွေ့အကြုံနဲ့ သင်ခန်းစာများအရ မြန်မာနိုင်ငံအနေနဲ့ ရွေးကောက်ပွဲကို အစီအစဉ်တကျ ကျင်းပသွားနိုင်မယ်ဆိုတာ ယုံကြည်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဘယ်လို အခက်အခဲမျိုးနဲ့ ရင်ဆိုင်ရသည်ဖြစ်စေ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူများရဲ့ အကျိုးစီးပွားကို အကောင်းဆုံး ဖော်ဆောင်နိုင်မယ့် လွတ်လပ်ပြီး မျှတတဲ့အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားဖို့ စိတ်ပိုင်းဖြတ်ထားပြီးဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်မှာ လက်ရှိကျင့်သုံးနေတဲ့ နိုင်ငံခြားရေးမူဝါဒကို ပြဋ္ဌာန်းထားတာနဲ့အညီ ရွေးကောက်ပွဲအပြီးမှာ ပေါ်ထွန်းလာမယ့် အစိုးရသစ်ဟာလည်း ကမ္ဘာ့နိုင်ငံအားလုံးနဲ့ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာအောင် ထိန်းသိမ်းမြှင့်တင်ပြီး ကုလသမဂ္ဂနဲ့လည်း အတူတကွ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမယ့်မူဝါဒကို ဆက်လက်စွဲကိုင်သွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ရွေးကောက်ပွဲအပြီးကာလမှာ အပြည်ပြည်ဆိုင်ရာအသိုက်အဝန်းနဲ့ ပိုမိုနီးကပ်စွာ ထိတွေ့ဆက်ဆံသွားရန် မျှော်မှန်းရှေးရှုလျက်ရှိကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

ကျေးဇူးတင်ပါတယ် သဘာပတိကြီးခင်ဗျား။

သမိုင်း မြို့မကျောင်း စန္ဒိမာပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သမိုင်းလမ်းဆုံအနီးရှိ သမိုင်းမြို့မကျောင်း [ယခု အထက(၁) မရမ်းကုန်း] ၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် (၂၁)ကြိမ်မြောက် စန္ဒိမာပညာရည်ချွန်ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်းစန္ဒိမာခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ယခုနှစ်အတွက် စန္ဒိမာပညာရည်ချွန်ဆုရ သိပ္ပံဘာသာတွဲမှ မယဉ်ယဉ်နွေး၊ ဝိပ္ပံဘာသာတွဲမှ မောင်ဝဏ္ဏကျော်တို့နှင့်အတူ စန္ဒိမာဆင့်ပွားဆုရကျောင်းသား ၁၀ ဦး၊ ဘာသာစုံဂုဏ်ထူးဆုရ တစ်ဦး၊ ဒုတိယဆုရတစ်ဦး၊ စန္ဒိမာဆင့်ပွားအတန်းလိုက် ပထမဆုရရှိသူ ၁၁ ဦးတို့အား တက်ရောက်လာသော တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

(ကြေးမုံ)



စန္ဒိမာပညာရည်ချွန်ဆုရ သိပ္ပံဘာသာတွဲမှ မယဉ်ယဉ်နွေးအား နာယက ဦးဝင်းကြိုင် (သဒ္ဓမ္မဇောတိကဓဇ)က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ကြေးမုံ)

စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၂၀၀၇ ခုနှစ် စာပေဗိမာန်စာမူဆု ဝတ္ထုတိုပေါင်းချုပ်တတိယဆုရ မြတ်နိုးအိမ် (ဇွဲကပင်)ရေးသားသည့် "ပင်လယ်ထက်ကရေချိုတစ်စက်နှင့် အခြားဝတ္ထုတိုများ" စာအုပ်ကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

အဆိုပါစာအုပ်တွင် ပန်းချစ်သူများ၊ သံလွင်သောင်ရင်းပေါင်းဆုံခြင်း၊ မျှဝေမခံစားလိုပါ၊ နှလုံးသားအလှ ရှာပုံတော် စသည့် ဝတ္ထုများအပါအဝင် ဝတ္ထုတို ၁၄ ပုဒ်ဖြင့် စုစည်းတင်ပြထားသည့်စာအုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇- ၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ စာပေဗိမာန်စာအုပ်ဆိုင် မန္တလေးမြို့ ဖုန်း-၀၂-၆၂၉၃၁ နှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တအာင်း(ပလောင်)အမျိုးသားပါတီက
၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၉

တအာင်း(ပလောင်)အမျိုးသားပါတီ ဗဟိုကော်မတီဝင် ဦးတင်မောင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

မိဘပြည်သူများနှင့် ပြည်ထောင်စုသား ညီအစ်ကိုများခင်ဗျား -

ကျွန်တော်ကတော့ တအာင်း(ပလောင်) အမျိုးသားပါတီက ပါတီဗဟိုကော်မတီဝင် ဦးတင်မောင် ဖြစ်ပါတယ်။ ကနေ့လို နေ့ထူးနေ့မြတ်မှာ ကျွန်တော်တို့ တအာင်း(ပလောင်) အမျိုးသားပါတီရဲ့ကိုယ်စား ပါတီရဲ့ မူဝါဒသဘောထားလုပ်ငန်းစဉ်နှင့် စပ်လျဉ်းပြီး ပြောကြားတင်ပြခွင့်ရတဲ့ အတွက် နိုင်ငံတော်ကို လည်းကောင်း၊ တာဝန်ရှိပုဂ္ဂိုလ်များကိုလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကျင်းပရေးကော်မရှင်ကို လည်းကောင်း ကျေးဇူးဥပကာရအထူးတင်ရှိပါကြောင်း ဦးစွာတင်ပြပါရစေ။

လေးစားအပ်တဲ့ မိဘပြည်သူများခင်ဗျား -

ကျွန်တော်တို့ တအာင်း (ပလောင်) အမျိုးသားပါတီရဲ့ အခြေခံမူဝါဒ သဘောထားနှင့် လုပ်ငန်းစဉ်ရဲ့ အခြေခံအချက်များကို ကောက်နုတ်ပြီး တင်ပြရမယ်ဆိုရင်-

အခြေခံမူဝါဒသဘောထားများမှာ -

(၁) ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး အတူတကွ စုပေါင်းနေထိုင်ကြတဲ့အတွက် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အစဉ်ရှင်သန်ထက်မြက် တည်တံ့အောင် ထားရှိမွေးမြူကြရမှာ ဖြစ်ပါတယ်။

(၂) ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တည်တံ့ခိုင်မြဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေး(၃)ပါးကို အမျိုးသားရေးတာဝန်ကြီးအဖြစ်ခံယူပြီး ထိုအရေး(၃)ပါးကို အစဉ်ထိန်းသိမ်းစောင့်ရှောက်သွားမှာ ဖြစ်ပါတယ်။

(၃) အမျိုးသားရေး ရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးမှာ လူထုလူတန်းစား အလွှာအသီးသီး၊ နိုင်ငံရေးအင်အားစုအချင်းချင်း အတူတကွ အပြန်အလှန်ထိန်းကျောင်းလုပ်ဆောင် အကောင်အထည်ဖော်နိုင်ရန် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(၄) မိမိတို့ရဲ့ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ရရှိထားပြီးဖြစ်သော အခြေခံကောင်းများကို အကျိုးရှိစွာ အသုံးချပြီး ဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့ရေးနှင့် အမွေခံကောင်းများအဖြစ် သားစဉ်မြေးဆက်သို့ အဆင့်ဆင့်လက်ဆင့်ကမ်းသွားနိုင်အောင် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

(၅) "နိုင်ငံတော်လုံခြုံရေး၊ အေးချမ်းတည်ငြိမ်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသည်" အမျိုးသားရေးတာဝန်ဖြစ်တယ်ဆိုတာ အလေးအနက်ခံယူပြီး လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်း တည်းဟူသော လောကပါလတရားထွန်းကားရေးကို ဦးတည်ပြီး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

(၆) နိုင်ငံရေးမူဝါဒအားဖြင့် စည်းကမ်းပြည့်ဝပြီး စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ကို ကြိုဆိုလက်ခံကျင့်သုံးရန် ဖြစ်ပါတယ်။

(၇) စီးပွားရေးမူဝါဒအားဖြင့် လူမှုစီးပွားရေးကို ညီညွတ်မျှတစေပြီး လက်ဝါးကြီးအုပ်လုပ်ကိုင်မှု မဟုတ်ဘဲ တရားသဖြင့် လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်သွားရန် ဖြစ်ပါတယ်။

(၈) နိုင်ငံခြားရေးနှင့်ပတ်သက်လို့ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေးမူကို အစဉ်ထိန်းသိမ်းပြီး လွတ်လပ်၍ တက်ကြွသည့် ဘက်မလိုက်သောမူဝါဒကို လက်ခံကျင့်သုံးရန် ဖြစ်ပါတယ်။

မိဘပြည်သူများခင်ဗျား-

ကျွန်တော်များ တအာင်း(ပလောင်) အမျိုးသားပါတီရဲ့ လုပ်ငန်းစဉ်နှင့် စပ်လျဉ်းပြီး ကောက်နုတ်တင်ပြရမယ်ဆိုရင် အောက်ပါလုပ်ငန်းစဉ်များကို နိုင်ငံတော်နှင့် ပူးပေါင်းပါဝင်ပြီး အစွမ်းကုန်သယ်ပိုးထမ်းရွက် အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်-

(၁) နိုင်ငံသား၊ နိုင်ငံသားများရဲ့ မူလအခွင့်အရေး၊ တာဝန်များကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားရှိချက်နှင့်အညီ ရရှိစေရန်။

(၂) နိုင်ငံသားများအား ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်၊ ကိုယ်ပိုင်လုပ်ပိုင်ခွင့်၊ တီထွင်ခွင့်၊ မူပိုင်ခွင့်တို့ကို ဥပဒေပြဋ္ဌာန်းထားချက်နှင့်အညီ ရရှိစေရန်။

(၃) တိုင်းရင်းသားလူမျိုးစုများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာအနုပညာထုတ်လုပ်မှု ဖော်ထုတ်ချက်များ၊ ရိုးရာဓလေ့ဖော်ထုတ်ချက်များ တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ရန်နှင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်။

(၄) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်ရေးနှင့် ရိုင်းပင်းကူညီရေး တိုးတက်ဖြစ်ထွန်း ခိုင်မြဲစေရန်။

(၅) အမျိုးသားယဉ်ကျေးမှု မပပျောက်၊ မတိမ်ကောရေးအတွက် ကာကွယ်စောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးအတွက် ဆောင်ရွက်ရန်။

(၆) တိုင်းရင်းသားပြည်သူများရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစတဲ့ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားလာစေရေးအတွက် တိုင်းရင်းသား မိဘပြည်သူများပါဝင်လုပ်ဆောင်နိုင်စေရေးကို ဆောင်ရွက်ရန်။

(၇) ဘက်စုံအတွေးအခေါ်အယူအဆ မှန်ကန်ပြီး အကျင့်စာရိတ္တမြင့်မားကောင်းမွန်စေရန်နဲ့ နိုင်ငံတော် တည်ဆောက်ရေးကို အကျိုးပြုမည့် ခေတ်မီပညာရေးစနစ် ဖော်ဆောင်ရန်။

(၈) လူငယ်လူရွယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေး၊ ဗလငါးတန် တိုးတက်မြင့်မားရေးကို ကြိုးပမ်းဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

တောင်သူလယ်သမားကြီးများ၊ အလုပ်သမားကြီးများနဲ့ ပတ်သက်ပြီးတော့-

(၉) တောင်သူလယ်သမားများ၊ အလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်။

(၁၀) တောင်သူလယ်သမားများ၊ အလုပ်သမားများ၏ အရေးပါမှုကို အသိအမှတ်ပြုပြီး လုပ်ငန်းခွင်သာယာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးစသည့် ခံစားခွင့်နှင့် အခွင့်အလမ်းများ ခိုင်မာစွာ ရရှိစေရန်။

ဒါ့အပြင်-

(၁၁) ဝန်ထမ်းများ၏ လုပ်ငန်းအာမခံချက်ရရှိရေး၊ စားဝတ်နေမှုဖူလုံရေး၊ အိမ်ထောင်ရှင်အမျိုးသမီးများ မီးဖွားခွင့်ဆိုင်ရာ အကျိုးခံစားခွင့် ရရှိရေး၊ အငြိမ်းစားဝန်ထမ်းများ၏ စားဝတ်နေမှုသက်သာချောင်ချိရေး ဘဝအာမခံချက်ရရှိရေးကို ဆောင်ရွက်ရန်။

(၁၂) အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ်ကို ဖော်ဆောင်ရန်။

(၁၃) ပြည်သူများ အလုပ်လက်မဲ့နည်းပါးစေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရေးကို ဆောင်ရွက်ရန်။

(၁၄) အမျိုးသမီးများအခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်နှင့် မိခင်နှင့်ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်မစွမ်းသူများအား ကူညီစောင့်ရှောက်ရန်။

(၁၅) စက်မှုအခြေခံသော လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ထွန်းရေးနှင့် စက်မှုလက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးစေရေးအတွက် ဆောင်ရွက်ရန်။

(၁၆) စီးပွားရေးကဏ္ဍမှာ နိုင်ငံတော်ကဏ္ဍ၊ သမဝါယမကဏ္ဍ၊ ဖက်စပ်အဖွဲ့အစည်းကဏ္ဍ၊ တိုင်းရင်းသားလုပ်ငန်းရှင်ပုဂ္ဂလိကကဏ္ဍတို့ကို ပေါင်းစပ်မြှင့်တင်ပေးရန်။

(၁၇) အများပြည်သူတို့၏ နေထိုင်မှုဘဝအဆင့်အတန်း မြင့်မားစေရေးနှင့် အထွေထွေအရင်းအနှီး တိုးတက်ဖွံ့ဖြိုးရေးကို အလေးထား ရှေးရှုဆောင်ရွက်ရန်။

(၁၈) တည်ငြိမ်အေးချမ်းရေးနှင့်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်လည်းကောင်း၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်လည်းကောင်း မဆန့်ကျင်လျှင် လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် ရရှိစေရန်။

(၁၉) သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးကို ကြိုးပမ်းဆောင်ရွက်ရန်။

တရားစီရင်ရေးမှာ-

(၂၀) ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်နိုင်စေရန်၊ ဥပဒေအရ ကန့်သတ်ချက်မှအပ ပြည်သူ့ရှေ့မှောက်မှာ တရားစီရင်ရေးနှင့် ဥပဒေအရ ခုခံချေပခွင့်၊ အယူခံပိုင်ခွင့် ရရှိစေရန်။

မိဘပြည်သူများခင်ဗျား-

ကျွန်တော်များ တအာင်း(ပလောင်) အမျိုးသားပါတီ ပဏာမစည်းရုံးရေးနယ်မြေများအဖြစ် အောက်ပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများထဲက မြို့နယ်များကို လျာထားသတ်မှတ်ပါတယ်။ အဲဒီမြို့နယ်တွေကတော့-

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ်၊ မန်တုန်မြို့နယ်၊ ကျောက်မဲမြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ မူဆယ်မြို့နယ်၊ လားရှိုးမြို့နယ်၊ သီပေါမြို့နယ်၊ နမ္မတူမြို့နယ်၊ မိုးမိတ်မြို့နယ်တို့ဖြစ်ပြီး ရှမ်းပြည်နယ် (တောင်ပိုင်း)မှာ ကလောမြို့နယ်၊ ရပ်စောက်မြို့နယ်၊ နမ့်စန်မြို့နယ်၊ မိုင်းကိုင်မြို့နယ်၊ လဲချားမြို့နယ်နှင့် ကွန်ဟိန်းမြို့နယ်တို့ ဖြစ်ကြပါတယ်။ မန္တလေးတိုင်းဒေသကြီးမှာတော့ မိုးကုတ်မြို့နယ်ဖြစ်ပြီး ကချင်ပြည်နယ်မှာတော့ ဖားကန့်မြို့နယ် ဖြစ်ပါတယ်။

တအာင်း(ပလောင်) အမျိုးသားပါတီအနေနဲ့ လာမယ့် အထွေထွေရွေးကောက်ပွဲမှာ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်တဲ့ နမ့်ဆန်မြို့နယ်နဲ့ မန်တုန်မြို့နယ်အပြင် နမ့်ခမ်းမြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ ကျောက်မဲမြို့နယ်များမှာ ဝင်ရောက်အရွေးခံမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်မှာ (၂) ဦး၊ ပြည်သူ့လွှတ်တော်မှာ (၅) ဦး၊ ပြည်နယ်လွှတ်တော်မှာ (၉) ဦး၊ လွှတ်တော်(၃)ရပ်လုံးမှာ စုစုပေါင်း (၁၆) ဦး ဝင်ရောက်အရွေးခံကြမှာ ဖြစ်ပါတယ်။

မိဘပြည်သူများနှင့် ပြည်ထောင်စုဖွားညီအစ်ကိုများခင်ဗျား-

ဆက်လက်ပြီးတင်ပြရမယ်ဆိုရင် ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံတွေမှာ လူမျိုးအလိုက် သီးခြားဖြစ်ထွန်းနေတဲ့ ဘာသာစကား၊ စာပေ၊ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းကောင်းများကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ခြင်းသည် မွန်မြတ်ကောင်းမွန်တဲ့ သမိုင်းအစဉ်အလာတစ်ရပ် ဖြစ်ပါတယ်။ ထိုသို့ သီးခြားဖြစ်ထွန်းနေတဲ့ တိုင်းရင်းသားလူမျိုးတို့ရဲ့ မြတ်နိုးဖွယ်ရာ ဝိသေသလက္ခဏာကောင်းများကို ထိန်းသိမ်းစောင့်ရှောက်ထားခြင်းအားဖြင့် တန်ဖိုးမဖြတ်နိုင်တဲ့ မိမိလူမျိုးရဲ့ ယဉ်ကျေးမှုအမွေအနှစ်တို့ကို သမိုင်းစဉ်တစ်လျှောက် မပျောက်မပျက် မတိမ်ကောရလေအောင် စောင့်ရှောက်ထားခြင်းပဲ ဖြစ်ပါတယ်။

ပြည်ထောင်စုကြီးအတွင်း ဒေသအလိုက်နှင့် လူမျိုးအလိုက် တည်ရှိနေတဲ့ ဘာသာစကား၊ စာပေ၊ ရိုးရာယဉ်ကျေးမှု၊ ဆင်ယင်ထုံးဖွဲ့မှုနှင့် ဓလေ့ထုံးတမ်းများ ဒေသအလိုက် ထူးခြားစွာတည်ရှိနေခြင်းမှာ ပန်းဥယျာဉ်ကြီးတစ်ခုအတွင်း ပန်းမျိုးပေါင်းစုံတို့ သူ့အမျိုးအစားနှင့်သူ၊ သူ့အရောင်အသွေးနှင့် သူ၊ လှပတင့်တယ်စွာ ပွင့်ဖူးဝေဆာနေတာနဲ့ အလားသဏ္ဌာန်တူပါတယ်။ ဒီပန်းမျိုးပေါင်းစုံတို့ တင့်တယ်လှပစွာ ပွင့်ဖူးနေတဲ့ ဥယျာဉ်ကြီးဟာ "ပြည်ထောင်စု"ဆိုတဲ့ ပန်းဥယျာဉ်ကြီး အစစ်အမှန်သာ ဖြစ်ပါတော့တယ်။ ကျွန်တော်များတအာင်း(ပလောင်) အမျိုးသားပါတီအနေနဲ့ ပြည်ထောင်စုကြီးကို ပန်းမျိုးပေါင်းစုံတို့ လှပစွာပေါက်ရောက်ပွင့်ဖူးနေတဲ့ ဒီပန်းဥယျာဉ်ကြီးပမာ ယုံကြည်ခံစားမိပါတယ်။ ဒါ့ကြောင့် ကျွန်တော်များ တအာင်း(ပလောင်) အမျိုးသားပါတီက နိုင်ငံတော်အကျိုး၊ ပြည်ထောင်စုအကျိုးအတွက် ဦးတည်လျှောက်လှမ်းမည့် ပါတီများနှင့် အဖွဲ့အစည်းများကို လက်ကမ်းပြီး ရှေ့သို့ ခိုင်မြဲစွာ လက်တွဲချီတက်မည်ဖြစ်ကြောင်း ဒီနေရာကနေပြီး တင်ပြကြေညာလိုက်ပါတယ်။

မိဘပြည်သူများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ကျွန်တော်များ တအာင်း (ပလောင်) အမျိုးသားပါတီရဲ့ကိုယ်စား ဒီနေရာကနေပြီး ဆုမွန်ကောင်းတောင်းရင်း ကျွန်တော်ရဲ့တင်ပြချက်ကို နိဂုံးချုပ်လိုက်ပါတယ်ခင်ဗျား။ ။

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော စက်တင်ဘာ ၂၉

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ ဥက္ကဋ္ဌ ဦးငွေသိန်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

ပြည်သူများအားလုံး-

- ကိုဝ်ံ ဍိုက်ပေင်ကိုမ့်ုအိုဿိ ညိအ်။
- အားလုံးမင်္ဂလာပါ။
- ကျွန်တော် ဦးနိုင်ငွေသိန်းပါ။ ဖော်ဒီမိုကရေဇီအလုံးရုံးမန်၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ၊ All Mon Regions Democracy Party ရဲ့ ဥက္ကဋ္ဌပါ။

ပြည်သူတို့ခင်ဗျား-

ဒီမိုကရေစီထွန်းကားရေးနှင့် တစ်ဦးချင်း လူ့အခွင့်အရေးအပြည့်အဝ ရရှိရေး၊ လူမျိုးတစ်မျိုးချင်း တန်းတူရေးရှိသော ပြည်ထောင်စုနိုင်ငံတော်ကြီး ကြိုးပမ်းတည်ဆောက်ရာတွင် မွန်အမျိုးသားထုကလည်း ပြည်သူတစ်ရပ်လုံးနှင့်အတူ အပတ်တကုတ် ပါဝင်လျက်ရှိကြပါသည်။

ထိုကဲ့သို့ အခါမလပ် ကြိုးပမ်းလျက်ရှိစဉ် နိုင်ငံတော်အစိုးရ၏ ပါတီစုံ ရွေးကောက်ပွဲ ကျင်းပမည့်ကြေညာချက်ထွက်လာပြီး မရှေးမနှောင်းမှာပင် မွန်ဒေသအနှံ့မှ လူကြီးလူငယ်များနှင့် (၂)ကြိမ်လာရောက်၍ မော်လမြိုင်မြို့ တစ်နေရာတွင် စုရုံးခဲ့ကြသည်။ စုရုံးရာတွင် ကျင်းပမည့်ရွေးကောက်ပွဲအပေါ် အလေးအနက်ထား ဝေဖန်ပိုင်းခြား၊ နှီးနှော၊ သဘောထားချင်းဖလှယ်ကြသည်။ နောက်ဆုံးတွင် မွန်ဒေသအနေဖြင့် ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင် အရွေးခံသင့်ကြောင်း အခိုင်အမာ ဆုံးဖြတ်ချက်ချကြသည်။ သို့ဖြစ်၍ ၂၀၁၀ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် ပထမခေါင်းဆောင်၊ ဒုတိယခေါင်းဆောင် ပုံစံအရ ၁၅ဦးပါဝင်သော ဖော်ဒီမိုကရေဇီအလုံးရုံးမန် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ All Mon Regions Democracy Party အမည်ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီတည်ထောင်ခွင့်ပြုခြင်းနှင့် မှတ်ပုံတင်ခွင့်ပြုခြင်းအတွက် တင်သွင်းလျှောက်ထားခဲ့ပါသည်။ လျှောက်ထားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ၂၀၁၀ခု၊ မေလ ၂၄ရက်နေ့တွင် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုကြောင်း အကြောင်းပြန်ကြားခဲ့ပါသည်။

ပြည်သူတို့ခင်ဗျား-

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ၏ နိုင်ငံရေးဝါဒသဘောထားနှင့် လုပ်ငန်းစဉ်များကို အောက်ပါအတိုင်း အကျဉ်းချုပ်၍ ဖော်ပြအပ်ပါသည်-

(က) **နိုင်ငံရေးဝါဒသဘောထား**

၁။ ပြည်သူတစ်ရပ်လုံး ဒီမိုကရေစီနှင့် လူ့အခွင့်အရေး အပြည့်အဝ ရရှိစေရန်။

၂။ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပေါ် အခြေခံသော ခိုင်မာသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်ရန်။

၃။ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ဖြစ်ထွန်းပေါ်ပေါက်လာစေရန်။

၄။ အဂတိလိုက်စားမှုနှင့် အကျင့်ပျက် ခြစားမှုများကို တိုက်ဖျက်သွားရန်။

၅။ လူမှုဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားရန်။

၆။ ငြိမ်းချမ်းသော ကမ္ဘာ့လူနေမှုစနစ် ထွန်းကားလာရေးအတွက် ဆောင်ရွက်သွားရန်။

(ခ) **ပါတီ၏ လုပ်ငန်းစဉ်**

- **နိုင်ငံရေးကဏ္ဍ**

၁။ အခြေခံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီကျင့်စဉ်များကို ပြည်သူများ အပြည့်အဝခံစားကျင့်သုံးနိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်။

၂။ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို အဖြေရှာ တည်ဆောက်မည်။

၃။ ပါတီစုံဒီမိုကရေစီနည်းဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် တန်းတူရည်တူ ပြည်နယ်များဖြင့် ဖွဲ့စည်းသော ပြည်ထောင်စုနိုင်ငံတော်ကို တည်ဆောက်သွားမည်။

၄။ ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို လျစ်လျူရှုပြီး လူတစ်စု၏ အကျိုးစီးပွားကို အကာအကွယ်ပေးသောစနစ် ပေါ်ပေါက်လာခြင်း မရှိစေရန် ဆောင်ရွက်သွားမည်။

- **စီးပွားရေးကဏ္ဍ**

၁။ ခေတ်နှင့်လျော်ညီသည့် လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ကို ထူထောင်သွားမည်။

၂။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးထွားလာအောင် ဆောင်ရွက်မည်။

၃။ ခေတ်မီနည်းပညာများဖြင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်။

၄။ တိုင်းရင်းသား ကုန်ထုတ်လုပ်ငန်းများအား ခေတ်မီစက်မှုနည်းပညာနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ဈေးကွက်ရရှိအောင် ဆောင်ရွက်သွားမည်။

- **လယ်ယာကဏ္ဍ**

၁။ ခေတ်မီနည်းပညာနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြင့် စက်မှုလယ်ယာလုပ်ငန်း တိုးတက်အောင် ဆောင်ရွက်မည်။

၂။ မြေယာမဲ့ ဆင်းရဲသော လယ်သမားများအတွက် သင့်လျော်သော မြေဧကရရှိစေရန်နှင့် လယ်လုပ်သူတိုင်း လယ်ပိုင်ခွင့်ရရှိရန် ကြိုးပမ်းသွားမည်။

၃။ လယ်ယာမြေထွက်ကုန်များ၊ ဈေးကွက်ရရှိစေရေးအတွက် ကူညီဆောင်ရွက်သွားမည်။

- **အလုပ်သမားကဏ္ဍ**

၁။ လူမျိုး၊ ဘာသာ၊ လိင်၊ ဒေသ ခွဲခြားခြင်းမရှိဘဲ အလုပ်လုပ်ခွင့်တွင် တန်းတူအခွင့်အရေး ရှိစေရမည်။

၂။ ရုံးအမှုထမ်းနှင့် အလုပ်သမားများ အလုပ်လုပ်နိုင်ခွင့်နှင့် လုပ်အားကုန်ခန်းသည့်ကာလများ၌ ဘဝအာမခံချက် ရရှိစေမည့် လူမှုစနစ်ကို ထူထောင်မည်။

၃။ အလုပ်သမားများ ရရှိထိုက်သော အခွင့်အရေးများ ခံစားရရှိနိုင်ရန် ကြိုးပမ်းသွားမည်။

- **ပညာရေးကဏ္ဍ**

၁။ လူတိုင်းစာတတ်မြောက်ရေးစနစ်ကို အကောင်အထည်ဖော်မည်။

၂။ အခမဲ့ မသင်မနေရ အခြေခံပညာရေးစနစ်ကို အကောင်အထည်ဖော်မည်။

၃။ နိုင်ငံတော်၏ ကြီးကြပ်မှုအောက်တွင် ပုဂ္ဂလိက ပညာရေးစနစ်ကို အားပေးမည်။

၄။ အထက်တန်းပညာရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ဆောင်ရွက်မည်။

၅။ တိုင်းရင်းသားတို့၏ ဒေသများတွင် သက်ဆိုင်သည့် တိုင်းရင်းသားလူမျိုးတို့၏စာကို သင်ကြားခွင့်ရရှိအောင် ဆောင်ရွက်မည်။

- **ယဉ်ကျေးမှုကဏ္ဍ**

၁။ လူမျိုးစုများ၏ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေး တန်းတူရရှိစေရမည်။

၂။ လူမျိုးစုများနှင့် ဒေသများ၏ သမိုင်းအမွေအနှစ်များကို ယင်းလူမျိုးစု၊ ယင်းဒေသများ၏ ကြန်အင်လက္ခဏာအတိုင်း တည်ရှိစေရေးအတွက် အကာအကွယ်ပြုမည်။ ထိန်းသိမ်းမည်။

၃။ မွန်အပြော ဘာသာစကား၊ မွန်အရေး ဘာသာစကားများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်။

၄။ အမျိုးသားယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေး အတွက် ဘာသာစကား၊ စာပေများ လေ့လာရေးတွင် အားပေးထောက်ကူမည်။

- **ကျန်းမာရေးကဏ္ဍ**

၁။ ညီမျှသော ကျန်းမာရေး စောင့်ရှောက်မှုစနစ်ဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးမည်။

၂။ ကုသမှုနှင့် ကာကွယ်ရေးကို ဟန်ချက်ညီအောင် ဆောင်ရွက်မည်။

၃။ အန္တရာယ်ဖြစ်နိုင်ခြေရှိသော အုပ်စုများ၏ ကျန်းမာရေးအတွက် ဦးစားပေး ကာကွယ်စောင့်ရှောက်မှု ပေးမည်။

- **လူငယ်ကဏ္ဍ**

လူငယ်တို့၏ ဗလငါးတန် တိုးတက်မှုကို ဆောင်ရွက်သွားမည်။

- **အမျိုးသမီးကဏ္ဍ**

အမျိုးသမီးတို့၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သွားမည်။

- **မသန်မစွမ်းကဏ္ဍ**

မသန်မစွမ်းသူ ပြည်သူတို့၏ လူနေမှုဘဝကို စောင့်ရှောက်မြှင့်တင်သွားမည်။

- **နိုင်ငံခြားရေးကဏ္ဍ**

၁။ နိုင်ငံတကာဆက်ဆံရေးတွင် ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းကာကွယ်ရန်နှင့် ဘက်မလိုက် နိုင်ငံခြားရေးဝါဒကို ကျင့်သုံးပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူ (၅)ချက်ကို ကျင့်သုံးမည်။

(က) တစ်ဦး၏နယ်မြေ တည်တံ့ရေးနှင့် အချုပ်အခြာအာဏာပိုင်ရေးကို တစ်ဦးက ရိုသေလေးစားရမည်။

(ခ) တစ်ဦးကိုတစ်ဦး မကျူးကျော်စေရ။

(ဂ) တူညီစွာနှင့် နှစ်ဦးနှစ်ဝ အကျိုးရှိစွာ ဆက်ဆံသွားမည်။

(ဃ) တစ်ဦး၏ ပြည်တွင်းရေးကိစ္စတွင် တစ်ဦးက ဝင်ရောက်စွက်ဖက်ခြင်း မပြုရ။

(င) ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲတည်ရှိစေရမည်။

- **မဟာမိတ်ကဏ္ဍ**

ဤပါတီ၏ အခြေခံမူဝါဒနှင့် ကိုက်ညီသော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်။

မျက်မှောက်အခြေအနေတွင် တိုတောင်းလှသော ကာလအတွင်း မွန်ဒေသ မြို့နယ် (၁၀)မြို့နယ် အလုပ်အမှုဆောင်ကော်မတီဖွဲ့စည်း၍ ပါတီရုံးများကို ဆိုင်းဘုတ်အသီးသီးဖြင့် ဖွင့်လှစ်ထားနိုင်ပြီးဖြစ်ပါသည်။ လျှာထားချက်အရ ကိုယ်စားလှယ် ၅၆ဦး ပါဝင်ယှဉ်ပြိုင် အရွေးခံရန်ရှိသော်လည်း မမီမကမ်းဖြစ်၍ ၃၄ဦးသာ ယှဉ်ပြိုင်နိုင်မည် ဖြစ်ပါသည်။ နိုင်ငံရေးဝါဒသဘောထားအရ ချမှတ်ထားသည့် လုပ်ငန်းစဉ်များကို အားကြိုးမာန်တက် ဆောင်ရွက်သွားပါမည်။

ပြည်သူတို့ခင်ဗျား-

မွန်ဒေသလုံးဆိုင်ရာ ပြည်သူများ၏ကိုယ်စား တိုက်တွန်းလိုသည်မှာ -

အကြောက်တရား ကင်းဝေးပြီး ချစ်ကြည်ရင်းနှီးစွာ ငြိမ်းငြိမ်းချမ်းချမ်း အတူတကွ အသက်ရှင်နေထိုင်သွားကြမည့် လူ့အဖွဲ့အစည်းကြီး ဖြစ်လာစေရန် ကြိုးပမ်းကြပါစို့ နှုတ်ဆက်ရင်း နိဂုံးချုပ်ပါရစေ။

မြဝတီရုပ်မြင်သံကြား

၂၀-၉-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၂၀ ၃။ လယ်တီဆရာတော်ကြီး၏ထေရုပ္ပတ္တိ **ထူးချွန်ထင်ရှားတပည့်များ** အပိုင်း (၂)
- ၇း၃၀ ၄။ ဓမ္မပူဇာတေး
- ၇း၃၅ ၅။ မျိုးချစ်တပ်မတော်
- ၇း၄၀ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၄၅ ၇။ မြန်မာသံစဉ် ချိုနားဝင်
- ၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၄၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄း၄၅ ၅။ မွေးမြူသုတ
- ၄း၅၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၀၀ ၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၅း၁၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၁။ လျှပ်တစ်ပြက်
- ၆း၃၀ ၁၂။ ထူးဆန်းထွေလာမျက်လှည့်ပညာ
- ၆း၄၅ ၁၃။ **ကာတွန်းအစီအစဉ် ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ (အပိုင်း-၈)**
- ၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း စိမ်းရောင်ခြယ်လှည်းကလေး (အပိုင်း-၅၄)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ နိုင်ငံရေးပါတီများ ဟောပြောချက်
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အနုပညာရှင်၏တစ်နေ့တာ
- ၂၁။ ကုန်သွယ်သုတ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း တိမ်လွှာကြားကသိုင်းသမား (အပိုင်း-၁၉)**
- ၂၄။ ဂီတရင်ခုန်သံ
- ၂၅။ သင့်အတွက်မနက်ဖြန်
- ၂၆။ အပိတ်နှုတ်ဆက်စကား
- ၂၇။ ပြီးပါပြီ။

အမျိုးသား အကျိုးစီးပွား ဘက်တော်သား အရည်အသွေးမြင့်မားသည့် မီဒီယာသမားကောင်းများအဖြစ် အစဉ်ရပ်တည်

နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးကို သယ်ပိုးထမ်းဆောင်

ရန်ကုန် စက်တင်ဘာ ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်းရှိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ သင်တန်းခန်းမသို့ရောက်ရှိပြီး မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က စီစဉ်ဖွင့်လှစ်သည့် စာနယ်ဇင်းပညာသင်တန်း(၁/၂၀၁၀) ဖွင့်လှစ် သင်ကြားနေမှု အခြေအနေကို ကြည့်ရှုအားပေးစကားပြောကြားသည်။

ဝန်ကြီးက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိမှုနှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ဆောင်ရွက်နေမှု၊ စာကြည့်တိုက် ဖောင်ဒေးရှင်း ထူထောင်ထားရှိမှု အခြေအနေများ၊ နိုင်ငံတော်၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုနှင့် အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်အခြေအနေများ၊ ဒီမိုကရေစီဖော်ဆောင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်နေမှု အခြေအနေများကို သင်တန်းသား၊ သင်တန်းသူများအား အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအားလုံး အမျိုးသားအကျိုးစီးပွား ဘက်တော်သား အရည်အသွေးမြင့်မားသည့် မီဒီယာသမားကောင်းများအဖြစ် အစဉ်ရပ်တည်လျက် နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးကို သယ်ပိုးထမ်းဆောင်နိုင်ကြပါစေကြောင်း အားပေးစကားပြောကြားကာ သင်တန်းသား၊ သင်တန်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ထို့နောက် ဝန်ကြီး ဦးကျော်ဆန်းသည် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင်များနှင့် စာနယ်ဇင်း ပညာသင်တန်း (၁/၂၀၁၀) သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း စာနယ်ဇင်း ပညာသင်တန်း အမှတ်စဉ် (၁/၂၀၁၀) သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃၀-၉-၂၀၁၀ (ကြာသပတေးနေ့)
[၁၃၇၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက် (အဖိတ်နေ့)]

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၄၅ ၅။ စစ်ကိုင်းတောင်ရိုး မည်းသည့်သာသနာ(အပိုင်း-၁)
- ၈း၀၅ ၆။ သံသာချိုအေးမင်္ဂလာတေး
- ၈း၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈း၂၅ ၈။ အဆိုပြိုင်ပွဲ
- ၈း၃၀ ၉။ အကပဒေသာ
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီစဉ်
- ၄း၂၀ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄း၃၀ ၄။ အမှတ်(၃)အခြေခံပညာဦးစီးဌာန တတိယအကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု၊ အထက-၁၊သန်လျင်) (အမျိုးသားဝတ်ရွတ်အဖွဲ့)
- ၄း၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(သမိုင်းအထူးပြု) (သမိုင်း)
- ၅း၀၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၀ ၇။ အတီးပြိုင်ပွဲ
- ၅း၂၀ ၈။ "စွန့်လွှတ်စွန့်စားသူများ" (မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ) (ဒါရိုက်တာ-အောင်ကိုလတ်)
- ၅း၃၀ ၉။ တေးဂီတအစီအစဉ်
- ၅း၄၅ ၁၀။ "သိပ္ပံနှင့် သဘာဝပတ်ဝန်းကျင်" (ရှုန်ဂရီလာလည်နက် ကြိုးကြာငှက်များ) (အပိုင်း-၂)
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ **ပျော်ရွှင်စေသော နေ့ရက်များ "ချစ်သူကော်ဖီ" (အပိုင်း-၂၅) (သူရလင်း၊ နန်းဆုရတီစိုး၊ ယုဇနဗိုလ်မြင့်) (ဒါရိုက်တာ-အောင်ကျော်သူရ)**
- ၆း၄၀ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဆူးလွှမ်းသောချစ်နှင်းဆီ" (ဒုတိယတွဲ)(အပိုင်း-၃၈) (ဇာတ်သိမ်းပိုင်း)**
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ပထမတွဲ) (အပိုင်း-၂၅)**
- ၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ" (အပိုင်း-၈၂)**
- ၂၃။ အစီအစဉ်ပြီး၏

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းများ လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂၉

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ အသုံးပြုရန်အတွက် Mindray (Shenzhen) DP-9900 ဒစ်ဂျစ်တယ်ရောဂါရှာဖွေရေး တီဗွီဓာတ်မှန်စက်တစ်လုံးနှင့် ခွဲစိတ်ခန်းသုံးရွှေ့လျားမီးစလောင်းတစ်ခု လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဆေးရုံ ဆေးရုံအုပ်ကြီးရုံးခန်း၌ ကျင်းပသည်။ **(ယာပုံ)**

ရှင်းလင်းပြောကြား

ရှေးဦးစွာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးဝင်းက ဆေးရုံကြီးတွင် လိုအပ်ချက်များနှင့် ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မောရဂီဝါ ဘိတ်တန်းရပ်ကွက်နေ ဦးကျော်မြင့်-ဒေါ်ပွန် မိသားစု၊ ဦးမော်စီမိသားစု၊ ဦးသိန်းဝင်း(ကမ္ဘာ့သစ်ဖိနပ်ဆိုင်)မိသားစု၊ ဦးထွန်းအောင် မိသားစု၊ ဒေါ်မော်မော်လွင်၊ မြင်းမိုရ်ဦး(ဆေးဆိုင်)မိသားစုနှင့် Concordia Co., Ltd.မှ ဒေါက်တာ ဦးခင်မောင်ကြည်တို့က ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ဒစ်ဂျစ်တယ်ရောဂါရှာဖွေရေး တီဗွီဓာတ်မှန်စက်တစ်လုံးနှင့် ခွဲစိတ်ခန်းသုံး ရွှေ့လျားမီးစလောင်းတစ်လုံးတို့ကို လှူဒါန်းကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးဝင်းက လက်ခံပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ရေစီးရေလာ ကောင်းမွန်ရေးဆောင်ရွက်

သနပ်ပင် စက်တင်ဘာ ၂၉

သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အဖွဲ့ပိုင် မြို့မဈေးကြီးအတွင်းရှိ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးနှင့် သန့်ရှင်းသာယာရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အထက(၄) ဗိုလ်တထောင်၊ အလက(၁) ဗိုလ်တထောင် [ဘရန့်(ချ်)ကွန်ဗင့်] ကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၉

အထက(၄) ဗိုလ်တထောင်၊ အလက(၁) ဗိုလ်တထောင် [ဘရန့်(ချ်)ကွန်ဗင့်] ကျောင်းမှ အငြိမ်းစားယူသွားသော ဆရာမကြီးများနှင့် အသက်(၆၀)အထက် အငြိမ်းစားဆရာမကြီးများအား ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက(၄) ဗိုလ်တထောင် သီရိမာလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ပူဇော်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

ပူဇော်ပွဲအတွက် ပါဝင်လှူဒါန်းလိုသူများသည် ဒေါ်ခင်ပြုံးဝင်း [ကျောင်းအုပ်ဆရာမကြီး၊ အထက(၄)ဗိုလ်တထောင်] ဖုန်း-၂၉၄၁၂၇၊ ဒေါ်မြင့်မြင့်ဦး ဖုန်း-၂၉၆၈၃၁၊ ဒေါ်အေးအေးခိုင် ဖုန်း-၈၀၁၀၀၉၆၊ ဒေါက်တာဝေမွန်အေး ဖုန်း-၀၉၅၁၆၄၆၁၃၊ ဒေါ်ခင်မေသောင်း ဖုန်း-၀၉၅၂၁၂၅၇၂၊ ဒေါ်နွယ်နွယ်ဦး ဖုန်း-၀၉၅၀၄၀၂၃၀၊ ဒေါ်သီတာခင် ဖုန်း-၂၉၀၂၇၂၊ ဒေါက်တာသဥ္ဇာမိုးမိုးအောင် ဖုန်း-၀၉၅၁၅၈၆၂၁နှင့် ဒေါ်မေသူမွန် ဖုန်း-၇၀၉၅၉၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂၉

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ(၂)၊ အမှတ်(၁၁)ကို အောက်တိုဘာ ၁ ရက်(သောကြာနေ့)တွင် စတင်ဖြန့်ချိမည်ဖြစ်သည်။ ယင်း TV Guide စာစောင်တွင် မြန်မာစာတန်းထိုးများဖြင့် ပြသနေသည့် Star Movie ရုပ်သံလိုင်း၌ ဟာသ၊ ဒရာမာ၊ အက်ရှင်၊ သည်းထိတ်ရင်ဖို စသည့် ရသမျိုးစုံပါဝင်သည့် ရုပ်ရှင်ဇာတ်ကားကောင်းများ၊ ကလေးများအတွက် Cartoon Network ရုပ်သံလိုင်း၊ Star World ရုပ်သံလိုင်းတွင် အကပြိုင်ပွဲများကို ကြည့်ရှုရမည့် Got To Dance အစီအစဉ်နှင့် Britain's Next Top Model (Season 2)၊ Channel V ရုပ်သံလိုင်းတွင် Linkin Park၏ နောက်ဆုံးထွက် အယ်လ်ဘမ် A Thousand Suns အား ဂုဏ်ပြုတင်ဆက်ထားသည့် The Chosen One အစီအစဉ်၊ Spotlight Artist, V Special စသည့် အစီအစဉ်များ၊ TLC ရုပ်သံလိုင်းတွင် အဝလွန်သူများအတွက် ကိုယ်အလေးချိန် မှန်ကန်စွာ လျှော့ချနိုင်မည့် နည်းလမ်းများကို ပြသပေးမည့် Downsize Me အစီအစဉ်သစ်၊ ပျော်ရွှင်စရာချစ်သူဘဝကို ပိုင်ဆိုင်ချင်သူများနှင့် Date လုပ်မည့် ပရိသတ်များအတွက် Date Patrol အစီအစဉ်သစ်၊ Nat Geo Wild ရုပ်သံလိုင်းတွင် ပြသမည့် The Pack, Animal Time Machine, Snake Frenzy, Snakes 101, Hooked အစီအစဉ်အားလုံးအား မြန်မာစာတန်းထိုးဖြင့် ပြသနေသည့် NGC ရုပ်သံလိုင်းတွင် အဘူဒါဘီမြို့မှ Capital Gateအဆောက်အအုံအကြောင်း ကြည့်ရမည့် Megastructures, အချက်အပြုတ် စိတ်ဝင်စားသူများအတွက် Food Lover Guide To The Planet အစီအစဉ်၊ Animal Planet ရုပ်သံလိုင်းတွင် ခွေးချစ်သူများ ကြိုက်နှစ်သက်မည့် Dogs 101နှင့် တိရစ္ဆာန်ချစ်သူများ ပါဝင်ဆင်နွှဲကြသည့် Nuts For Muttsအစီအစဉ်၊ ESPNနှင့် Star Sports ရုပ်သံလိုင်းတွင် တိုက်ရိုက်ထုတ်လွှင့်ပေးမည့် Chelsea Vs Arsenal, Sunderland Vs ManU, Liverpool Vs Blackpool, Man City Vs Newcastle, Wigan Vs Wolverhampton စသည့် ပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များ၊ Multi Max၊ 5 Movie၊ 5 Series၊ 5 Cartoon ရုပ်သံလိုင်းများတွင် ပြသမည့် အစီအစဉ်များအကြောင်း၊ မန္တလေး FMတွင် နားဆင်ရမည့် 'သီတင်းကျွတ်ပြီဆိုရင်' ရေဒီယိုဇာတ်လမ်း၊ MRTV-4 ရုပ်သံလိုင်းတွင် အောက်တိုဘာ ၂ ရက်မှ ၈ ရက်အထိ ညစဉ် ၇ နာရီခွဲတွင် ပြသမည့် A Night of Pop with Plus Three Band Live Show အစီအစဉ်၊ Forever Blossom ၏ ဒုတိယအကြိမ် တင်ဆက်မှုအဖြစ် တေးသံရှင်ဖြူဖြူကျော်သိန်း၏ တစ်ကိုယ်တော် Live Showအား အောက်တိုဘာ ၁၀ ရက်တွင် ပြသမည့်အကြောင်းများအပြင် For Info, For Edu, For Sports, For Choice စသည့် Digital ရုပ်သံလိုင်းများ၏ Program Gridများနှင့် ရုပ်သံလိုင်းအားလုံး၏ ၁၅ ရက်စာ အစီအစဉ်များ ပါဝင်သည်။

၁၅ ရက်စာအစီအစဉ်များပါဝင် သော TV Guideစာစောင်ကို TV Guide Distribution Network ဖုန်း-၀၁-၇၃၀၆၀၃၁၅ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Litht Express ဖုန်း-၀၉-၅၀၈၀၈၅၀၊ ၃၉၁၁၈၆ တို့သို့ မှာယူနိုင်သည်ဟု သိရသည်။ (သတင်းစဉ်)

ကျေးလက်တံတား တည်ဆောက်

ဖားကန့် စက်တင်ဘာ ၂၉

၂၀၁၀-၂၀၁၁ ခု ဘဏ္ဍာရေးနှစ် ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ဆန်ခါကျေးလက်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ဦးအောင်ကိုဦး (အငယ်တန်းအင်ဂျင်နီယာ-၂) မြို့ပြက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် ပြင်ဦးလွင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအားတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၉

မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်သည် စက်တင်ဘာ ၂၅ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်တပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်တွေ့ဆုံ၍ ပြင်ဦးလွင်တပ်နယ်ရှိ မိသားစုဝင်များအား ချီးမြှင့်ငွေများ၊ ဗလာစာအုပ်များနှင့် တပ်မတော်ဆေးရုံ ခုတင်(၇၀၀)အတွက် ဆေးပဒေသာပင်ပေးအပ်ကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ တိုင်းမှူးသည် ပြင်ဦးလွင်မြို့နယ် အားကစားကွင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလက်ဝှေ့အသင်းချုပ်မှ တာဝန်ရှိသူများက အလှူငွေနှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက(၃) ဗိုလ်တထောင် (၂၂) ကြိမ်မြောက် အာစရိယပူဇော်မည်

ရန်ကုန် စက်တင်ဘာ ၂၉

အထက(၃) ဗိုလ်တထောင် (ယခင်မက်သဒစ်/ရေကျော်အထက်တန်းကျောင်း)၏ (၂၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဒီဇင်ဘာ ၁၂ ရက်(တနင်္ဂနွေနေ့)တွင် ယင်းကျောင်းရှိ သစ္စာခန်းမ(သစ်သားကျောင်းဆောင်)၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် အသက်(၆၀)ပြည့် ဆရာကြီး၊ ဆရာမကြီးများအားလုံးကို ပူဇော်ကန်တော့မည်ဖြစ်၍ ဆရာကြီး၊ ဆရာမကြီးများထံ သီးခြားဖိတ်စာပေးပို့မည်ဖြစ်ပြီး ယခင်နှစ် ပူဇော်ကန်တော့ပွဲများတွင် ပါဝင်ခြင်းမရှိသေးသည့် ဆရာကြီး၊ ဆရာမကြီးများ ဆက်သွယ်ကြပါရန်နှင့် ကျောင်းတည်ထောင်သည်မှစ၍ ၂၀၁၀ ခုနှစ်အထိ စာသင်ဖူးသည့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ရန် နှိုးဆော်ထားသည်။

အလှူငွေထည့်ဝင်လိုသူများနှင့် အသေးစိတ်သိရှိလိုသူများသည် ဦးမြင့်ဆွေ ဖုန်း-၀၉-၅၁၆၃၂၂၃၊ ဦးကျော်အောင် ဖုန်း-၇၀၃၂၂၀၊ ဦးလှသိန်း ဖုန်း-၀၉-၅၀၆၇၀၃၀၊ ဦးနေဝင်း ဖုန်း-၅၈၄၁၁၃၊ ဦးကျော်ဝင်း ဖုန်း-၅၇၉၃၁၉၊ ဦးထွန်းစိန် ဖုန်း-၀၉-၅၁၈၅၂၂၈၊ ဦးညွန့်မောင် ဖုန်း-၀၉-၅၀၉၂၃၉၁၊ ဦးဆန်းထူး ဖုန်း-၃၉၂၃၃၀၊ ဦးခင်မောင်ဦး-ဒေါ်သိန်းသိန်းရင် ဖုန်း-၅၇၂၃၅၂၊ ဒေါ်မြမြသန်း ဖုန်း-၅၈၄၇၈၅၊ ဒေါ်ကြည်ကြည်မြင့် ဖုန်း-၃၉၆၄၇၉၊ ဒေါ်လဲ့လဲ့ဝင်းဟန် ဖုန်း-၀၉-၅၀၀၆၈၄၃၊ ဦးကျော်မြ ဖုန်း-၀၉-၈၅၀၂၂၇၉၊ ဒေါက်တာလှမြင့် ဖုန်း-၂၀၁၈၈၇ နှင့် ကိုသန့်ဇော် ဖုန်း-၀၉-၅၁၁၄၇၅၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အမှာစကားပြောကြား

သက်ကြီးရွယ်အိုစောင့်ရှောက်ရေး စီမံကိန်း အကြံပေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင် သက်ကြီးရွယ်အို စောင့်ရှောက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

သက်ကြီးရွယ်အို စောင့်ရှောက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၉

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနနှင့် Help Age International (Myanmar)တို့ ပူးပေါင်းကျင်းပသော သက်ကြီးရွယ်အို စောင့်ရှောက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အလုပ်ရုံဆွေးနွေးပွဲသို့ သက်ကြီးရွယ်အို စောင့်ရှောက်ရေး လုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် အစိုးရနှင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သက်ကြီးရွယ်အို စောင့်ရှောက်ရေးစီမံကိန်း အကြံပေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ Help Age International (Myanmar) မှ စီမံကိန်းမန်နေဂျာ Mr.Tapan K,Barman က အမှာစကားပြောကြားသည်။

ထို့နောက် Help Age International မှ စီမံကိန်းမန်နေဂျာ ဒေါ်ခက်ဖြူစင်းလူးက သက်ကြီးရွယ်အိုအချင်းချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များ (Older Persons Self Help Group-OP SHG) ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဆိုင်ရာကိစ္စရပ်များကို အကြံပြုဆွေးနွေးကြပြီး မွန်းလွဲပိုင်းတွင် စီမံကိန်းအကြံပေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်က နိဂုံးချုပ် အမှာစကားပြောကြားကာ မွန်းလွဲပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ချမ်းအေးသာစံမြို့နယ်နှင့် အောင်မြေသာစံမြို့နယ် သားဖွားခန်းများအတွက် ငွေနှင့် ပစ္စည်းများလှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်နှင့်အဖွဲ့သည် စက်တင်ဘာ ၁၆ ရက်တွင် မန္တလေးတိုင်းဒေသကြီးရှိ ချမ်းအေးသာစံမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်းများသို့ ရောက်ရှိပြီး သားဖွားခန်းတစ်ခုစီအတွက် ထောက်ပံ့ငွေကျပ် တစ်သိန်းစီနှင့် သားဖွားခန်းသုံးပစ္စည်းများ၊ သံဓာတ်အားဆေးများ၊ အနှီးပိတ်များကို လှူဒါန်းသည်။

ထို့နောက် ကိုယ်ဝန်ဆောင် မိခင်လောင်းများနှင့် မွေးလူနာများအား ကြည့်ရှုအားပေးပြီး ဆေးဝါးနှင့် အာဟာရပစ္စည်းများ ပေးအပ်လှူဒါန်းကာ ချမ်းအေးသာစံမြို့နယ်ရှိ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း မူလတန်းကြိုကျောင်းအတွက် ထောက်ပံ့ငွေကျပ် ၅၀၀၀၀ နှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

STI Education နှင့် Singapore Institute of Materials Management တို့ ပူးပေါင်းဖွင့်လှစ်မည့် သင်တန်းများ ဟောပြောပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၉

STI Education သည် Diploma in Logistics Management(DLM), Diploma in Supply Chain Management(DSCM), Double Diploma in Logistics & Supply Chain Management, Advanced Diploma in Logistics & Supply Chain Management, Executive Diploma in Logistics & Supply Chain Management တို့ကို ၂၀၀၇ ခုနှစ်ကပင် စတင်သင်ကြားပေးခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် စင်ကာပူနိုင်ငံရှိ Logistics ဘာသာရပ်ကို ဖြန့်ဖြူးပေးနေသော အကြီးဆုံး Institute ဖြစ်သည့် Singapore Institute of Materials Management (SIMM)နှင့် ပူးပေါင်း၍ ပြည်တွင်းတွင်လည်းကောင်း၊ ပြည်ပတွင်လည်းကောင်း သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပလျက်ရှိသည်။

ယနေ့ ကမ္ဘာ့စီးပွားရေးနယ်ပယ်တွင် အသက်ဝင်လှုပ်ရှား ထင်ရှားနေသော ဘာသာရပ်မှာ Logistics နှင့် Supply Chain Management ဖြစ်သည်။ စားသုံးသူများသည် ဘုရင် "Consumer is King" ဟူသော ဝေါဟာရပေါ်ထွန်းလာသည့်အလျောက် လိုအပ်သည့်အချိန်၊ လိုအပ်သည့်နေရာတွင် လိုအပ်သော ကုန်စည်နှင့် ဝန်ဆောင်မှုများ ထိထိမိမိ လျင်မြန်စွာ ထုတ်လုပ်၊ သိုလှောင်၊ ဖြန့်ဖြူးရေး၊ ယှဉ်ပြိုင်သူများ၏ ရှေ့သို့တစ်လှမ်းသာနိုင်ရေး တွန်းအားပေးသည့် ဘာသာရပ်များမှာ Logistics နှင့် Supply Chain Management ဖြစ်သည်။

ISDT International School of Design and Technology ကျောင်းသည် ၂၀၀၆ ခုနှစ်မှစတင်၍ ဒီဇိုင်းပညာရပ်များကို SIMM နှင့် PICO အဖွဲ့အစည်းတို့ပူးပေါင်း၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ISDT ကျောင်းမှ Communication Design, Interior & Exhibition Design နှင့် Multi-media Design ဘာသာရပ်များကို သင်ကြားပို့ချပေးလျက်ရှိသည်။ မိမိ၏နေအိမ်၊ ရုံးခန်း၊ သယ်ယူပို့ဆောင်ရေးယာဉ်များ၊ ဟိုတယ်များ၊ တက္ကသိုလ်များ၊ ကျောင်းများ၊ ဆေးရုံများ၊ အားကစားကွင်းများ၊ ဖျော်ဖြေရေးပွဲလမ်းသဘင်များ မြင်မြင်သမျှသည် Design ပညာရပ်နှင့် မကင်းကြောင်း သတိထားမိပါမည်။

SIMMနှင့် ISDTမှ ဒုတိယညွှန်ကြားရေးမှူး Mr.Jasni Hambali သည် အောက်တိုဘာ ၁ ရက်နှင့် ၃ရက်တို့တွင် SIMM ၏ Logistics နှင့် Supply Chain Mangement Course များ၊ Design များ၊ စင်ကာပူ Edutrust နှင့် ပညာသင်ဆုရရှိနိုင်မည့် အခွင့်အလမ်းများ၊ အင်္ဂလိပ်ဘာသာရပ် လိုအပ်ချက်များ၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် စင်ကာပူတွင် STI မှ မြန်မာကျောင်းသားများ၏ အောင်မြင်မှုအခြေအနေအရပ်ရပ်တို့ကို ဆွေးနွေးမည်ဖြစ်ကြောင်း သိရှိရသည်။

ဆွေးနွေးပွဲကို အောက်တိုဘာ ၃ ရက်(တနင်္ဂနွေနေ့)တွင် အမှတ်(၃၇၇) ရွှေဘုံသာ(အထက်လမ်း) ပန်းဘဲတန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ပြီး နံနက် ၈ နာရီတွင် Edutrust English လိုအပ်ချက်၊ ပညာသင်ဆုအကြောင်းအားလည်းကောင်း၊ နံနက် ၉ နာရီမှ ၁၀ နာရီခွဲအထိ Logistics and Supply Chain Courses အား လည်းကောင်း၊ နံနက် ၁၀ နာရီခွဲတွင် Design Courses များအား အသီးသီး ဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူများသည် STI Education တည်ရှိရာ အမှတ်(၃၇၇) ရွှေဘုံသာ အထက်လမ်း ပန်းဘဲတန်းသို့ လည်းကောင်း၊ အဆောင်(၄) အခန်း(၇) Myanmar Info-Tech, Hlaing Campus လှိုင်မြို့နယ်သို့ လည်းကောင်း၊ ဖုန်း-၂၅၀၀၅၆၊ ၇၀၀၂၇၃၊ ၅၀၇၀၄၈၊ ၅၀၇၁၅၁၊ ၅၀၇၁၅၂ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၉-၂၀၁၀ (ကြာသပတေးနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဇေဂ္ဂသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "တရားဦးဓမ္မစကြာ" တရားတော် (အပိုင်း-၇) ဆရာတော် အရှင်ပညာသီဟာဘိဝံသ
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၂၉)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၂၃)**
- ၈း၄၀ A Night of Pop ကြိုတင်ပြင်ဆင်နေမှုများ
- ၈း၅၀ Activities In The City (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူများ အတွက်ဂုဏ်ပြုပွဲအခမ်းအနား)
- ၉း၀၀ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏(၄၃)ကြိမ်မြောက် အာဂမ၊ သဘာဝစာတော်ပြန်ပွဲ
- ၉း၁၅ အောင်မြေဗဟိုရ်ပြည်ရွှေဘိုမှ မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ
- ၉း၄၀ Science For All (အာကာသအမှိုက်နှင့် လေကြောင်းအန္တရာယ်) (သိပ္ပံစာရေးဆရာ ကိုကိုအောင်၊ ကျော်သူလင်း)
- ၁၀း၀၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (လျှောင်အိမ်နှင့်ငါးမွေးခြင်း)
- ၁၀း၁၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "စိတ်ရဲ့မာယာ"
- ၁၀း၄၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁း၁၀ The Champion of Dance
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၅ စိတ်ဝင်စားစရာမုန့်လုပ်နည်းပညာ Myanmar Baking Training Centre မှာ
- ၁၂း၃၅ ပုသိမ်အသင်း၏ (၂၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ
- ၁၂း၄၅ သစ္စာအဓိဋ္ဌာန်ပါရမီရှင်နယ်လှည့်သာသနာပြုတကောဆရာတော်၏ (၄၉)ကြိမ်မြောက်မွေးနေ့ ပူဇာသဘင်
- ၁း၀၀ "တရားဦးဓမ္မစကြာ" တရားတော် (အပိုင်း-၇) ဆရာတော်အရှင်ပညာသီဟာဘိဝံသ
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Fashion Euphoria ရဲ့ ၂၀၁၀-၂၀၁၁ ဒီဇိုင်းသစ်များ မိတ်ဆက်ခြင်း
- ၃း၁၀ အောင်မြေဗဟိုရ်ပြည်ရွှေဘိုမှ မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၂၉)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၂၃)**
- ၄း၄၀ Activities In The City (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူများ အတွက်ဂုဏ်ပြုပွဲအခမ်းအနား)
- ၅း၀၀ ဓာတ်ပုံထဲမှအမှတ်တရများ (အကယ်ဒမီများရှင် ဝါဝါဝင်းရွှေ၏ ဓာတ်ပုံထဲမှအမှတ်တရများ) (အပိုင်း-၂)
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ အားကစားမြင်ကွင်းစုံ (ဇာနည်၊ ဇော်လင်းထွန်း၊ မြတ်သူရ)
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၃၀)**
- ၇း၀၅ Style ရှိမှ Star ဖြစ်မယ်
- ၈း၀၀ MRTV-4 သတင်း -နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
- ၈း၃၀ စကားနပန်း (ဦးနှောက်နဲ့ဆုံးဖြတ်တာ ကောင်းတယ်၊ နှလုံးသားနဲ့ဆုံးဖြတ်တာ ကောင်းတယ်)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၂၄)**
- ၁၀း၁၀ Fashion Euphoria ရဲ့ ၂၀၁၀-၂၀၁၁ ဒီဇိုင်းသစ်များ မိတ်ဆက်ခြင်း
- ၁၀း၄၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "စိတ်ရဲ့မာယာ"
- ၁၁း၀၅ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏(၄၃)ကြိမ်မြောက်အာဂမ၊ သဘာဝစာတော်ပြန်ပွဲ
- ၁၁း၂၀ ဂီတသရုပ်ပြခန်း (ဘိုဖြူ-ဆန်ရေ) (ကိုယ်ပိုင်သံစဉ်သီချင်းသစ်များ)
- ၁၁း၄၅ အနုပညာမိုးကောင်းကင်
- ၁၂း၀၅ စိတ်ဝင်စားစရာမုန့်လုပ်နည်းပညာ Myanmar Baking Training Centre မှာ
- ၁၂း၂၅ သင်ယူလေ့လာဂီတပညာ (Film Score Module;01)
- ၁၂း၅၅ တူးမြောင်းများစနစ်တကျ ပြုပြင်ထိန်းသိမ်းခြင်း
- ၁း၀၅ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
- ၁း၂၅ သူဌေးချောင်း၏ရေအလျှင်. . . လျှပ်စစ်စွမ်းအားဂုဏ်အသွင်
- ၁း၃၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (မျိုးထက်)
- ၂း၀၅ ကမ္ဘာနှင့်ယှဉ်ရင်ပေါင်တန်း မြန်မာ့သားရေထည်ရဲ့အစွမ်း
- ၂း၁၅ စနစ်တကျစိုက်ပျိုး သစ်ခွအမျိုးမျိုး
- ၂း၃၀ ငြိမ့်ညောင်းသာယာစောင်းပညာ
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ Rainforest Homeland (အပိုင်း-၂)
- ၄း၂၀ အလှဆင်ပူဇော် ဘုရားမီးရောင်ခြည်တော်
- ၄း၄၅ ပုသိမ်အသင်း၏(၂၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ
- ၄း၅၅ သစ္စာအဓိဋ္ဌာန်ပါရမီရှင်နယ်လှည့် သာသနာပြုတကောဆရာတော်၏ (၄၉)ကြိမ်မြောက်မွေးနေ့ ပူဇာသဘင်
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် Cyclone Shelter အပေါ်ဆုံး ထပ်မှ ပြင်စလူမြို့ ပတ်ဝန်းကျင် အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ပြင်စလူဒေသသည် ယခင်နှင့် ...
လူမှုစီးပွားဘဝ အဆင့်အတန်း ...

☆ရှေ့ဖုံးမှ

တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေနှင့် လူငယ့်အားမာန်သင်တန်းကျောင်း ပင်မအဆောက်အအုံကို ဆောက်လုပ်လှူဒါန်းသည့်

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်းနှင့် အဖွဲ့ဝင်များက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ဆွေးနွေးမေးမြန်း

ယင်းနောက် ဝန်ကြီးချုပ်သည် သင်တန်းကျောင်းပင်မအဆောက်အအုံ ပထမထပ်ရှိ လူငယ့်အားမာန်ခန်းမ၌ အား ပေးအပ်ပြီး သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရောဝတီဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ဇနီး ဒေါ်ဌေးဌေးခိုင် မိသားစုက လှူဒါန်းသော လူနာတင်ယာဉ်နှင့် မီးသတ်ယာဉ်တို့ကို ကြည့်ရှုစစ်ဆေးသည်။

က လူငယ့်အားမာန်သင်တန်းကျောင်း ပင်မအဆောက်အအုံနှင့် စပ်လျဉ်းသော စာရွက်စာတမ်းများနှင့် သင်တန်းကျောင်းပညာရေး ငွေပဒေသာပင်အတွက် အလှူငွေကျပ်သိန်း ၁၅၀ တို့ကို လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်သို့ လည်းကောင်း၊ လပွတ္တာမြို့ ခုတင် (၂၀၀) တိုးချဲ့ဆေးရုံကြီးသို့ လှူဒါန်းသော လူနာတင်ယာဉ်



နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် လူငယ့်အားမာန်သင်တန်းကျောင်း ဖွင့်လှစ်ခြင်းအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

အလှူရှင် ရောဝတီဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က လူငယ့်အားမာန်သင်တန်းကျောင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က သင်တန်းကျောင်း ဖွင့်လှစ်ခြင်းအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

သင်တန်းသား၊ သင်တန်းသူများနှင့် တွေ့ဆုံ၍ ပညာသင်ကြားနေမှု၊ နေထိုင်စားသောက်မှု၊ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှု အခြေအနေများကို ဆွေးနွေးမေးမြန်းရာ ကျောင်းအုပ်ကြီး ဦးအောင်စိုးကျော်က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်က သင်တန်းသား၊ သင်တန်းသူများအတွက် ထောက်ပံ့ငွေများကို ကျောင်းအုပ်ကြီး

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ သင်တန်းကျောင်းရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ လူငယ့်အားမာန်သင်တန်းကျောင်း လွှဲပြောင်းပေးအပ်ပွဲနှင့် လူနာတင်ယာဉ်နှင့် မီးသတ်ယာဉ် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ခုတင် (၂၀၀) တိုးချဲ့ဆေးရုံကြီး တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားတွင် အလှူရှင် ရောဝတီဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးဇော်ဇော်

တစ်စီးနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ဆေးရုံအုပ်ကြီး ဒေါက်တာစိန်လှိုင်သို့ လည်းကောင်း၊ လပွတ္တာမြို့သို့ လှူဒါန်းသော မီးသတ်ယာဉ်တစ်စီးနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးသို့ လည်းကောင်း လွှဲပြောင်းပေးအပ်လှူဒါန်းသည်။

စုစုပေါင်းတန်ဖိုး

ရောဝတီဘဏ်လီမိတက်၏ လူငယ့်အားမာန်သင်တန်းကျောင်း ပင်မအဆောက်အအုံနှင့် အောက်ခံ အုတ်ခုံ၊ သံပန်းခြံစည်းရိုး ဆောက်လုပ်လှူဒါန်းမှု၊ လူနာတင်ယာဉ်တစ်စီးနှင့် မီးသတ်ယာဉ်တစ်စီး လှူဒါန်းမှုတို့အတွက် စုစုပေါင်းတန်ဖိုးမှာ ငွေကျပ်သိန်း ၅၀၀၀ ကျော် ဖြစ်ကြောင်း သိရှိရသည်။

သင်တန်းကျောင်း ပင်မအဆောက်အအုံမှာ သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံဖြစ်ပြီး အလျား ၁၃၇ ပေ၊ အနံ ၄၄ ပေနှင့် ကြမ်းခင်း ဧရိယာ ၁၂၂၈၅ စတုရန်းပေရှိသည်။ အလားတူ သက်မွေးလုပ်ငန်း အလုပ်ရုံ(၁)နှင့် အလုပ်ရုံ(၂)၊ သင်တန်းသား၊ သင်တန်းသူ အိပ်ဆောင် နှစ်ဆောင်တို့ကို တည်ဆောက်ပြီးစီးပြီဖြစ်ပြီး ဝန်ထမ်းအိမ်ရာနှင့် ထမင်းစားဆောင်နှင့် မီးဖိုဆောင်တို့မှာ ၈၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီ ဖြစ်သည်။

သင်တန်းကျောင်းတွင် သင်တန်းသား၊ သင်တန်းသူ ၅၆ ဦးရှိပြီး အခြေခံပညာနှင့် အသက်မွေးဝမ်းကျောင်း ပညာများဖြစ်သည့် ဆံသနှင့် စက်ချုပ်သင်တန်းတို့ကို သင်ကြားပေးလျက်ရှိသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် လပွတ္တာမြို့ ဖွံ့ဖြိုးစည်ပင်နေမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ထို့နောက် အဖွဲ့ဝင်များနှင့်အတူ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ နံနက် ၁၀နာရီ ၄၅မိနစ်တွင် လပွတ္တာခရိုင်ပြင်စလူမြို့သို့ရောက်ရှိသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်စလူမြို့ရှိ Cyclone Shelter ၌ ကျင်းပသည့် (၂၅) ခုတင်ဆံ့ ဆေးရုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

ရှေးဦးစွာ ရောဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီးတို့က ပြင်စလူမြို့ (၂၅)ခုတင်ဆံ့ ဆေးရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်က ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များ၊ သူနာပြုများနှင့် ဝန်ထမ်းများ၊ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝ ...
ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အ...
H.E. Mr. Sebastianus Sumarsono ...
ဆေးရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေး...

လူနာတင်ယာဉ်နှင့် မီးသတ်ယာဉ်

ရောဝတီဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ဇနီး ဒေါ်ဌေးဌေးခိုင် မိသားစုက လှူဒါန်းသည့် လူနာတင်ယာဉ် (ဝဲပုံ)**နှင့် မီးသတ်ယာဉ်**(ယာပုံ)**တို့ကို တွေ့ရစဉ်။**
(သတင်းစဉ်)

ယင်းနောက် Cyclone Shelter အဆောက်အအုံ ဒုတိယထပ်ရှိ ဆေးရုံသစ် ဖွင့်လှစ်ခြင်းအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်းနှင့် အဖွဲ့ဝင်များက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono တို့က ပြင်စလူမြို့ (၂၅)ခုတင်ဆံ့ ဆေးရုံသစ်သို့ အင်ဒိုနီးရှားသမ္မတနိုင်ငံက

သသည် ယခင်နှင့် နှိုင်းယှဉ်လျှင် များစွာဖွံ့ဖြိုးတိုးတက် ပြောင်းလဲနေသည်မှာ အားလုံးမျက်မြင်ကိုယ်တွေ့ပင်ဖြစ်
ဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဘဝသစ်တွင် စိတ်သစ်လူသစ်ဖြင့် အလုပ်ကြိုးစား လုပ်ကိုင်ဆောင်ရွက်

ကောင်စီဥက္ကဋ္ဌ တိုင်းမှူး၊ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီးတို့က ပြင်စလူမြို့ (၂၅)ခုတင်ဆံ့ ဆေးရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်က ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များ၊ သူနာပြုများနှင့် ဝန်ထမ်းများ၊ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အလှူငွေ လှူဒါန်းခြင်း အထိမ်းအမှတ် ကမ္ပည်းမော်ကွန်း ကျောက်ပြားပေါ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ကုသနေသော လူနာများအား လိုက်လံကြည့်ရှုအားပေး၍ ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုပြီး Cyclone Shelter အပေါ်ဆုံးထပ်မှနေ၍ မြန်မာ့ပင်လယ်ပြင်အခြေအနေ၊

တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း၊ ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono တို့ ပြင်စလူမြို့ (၂၅) ခုတင်ဆံ့ ဆေးရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ယင်းနောက် Cyclone Shelter အဆောက်အအုံ ဒုတိယထပ်ရှိ ဆေးရုံသစ်ဖွင့်လှစ်ခြင်းအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်းနှင့် အဖွဲ့ဝင်များက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono တို့က ပြင်စလူမြို့ (၂၅)ခုတင်ဆံ့ ဆေးရုံသစ်သို့ အင်ဒိုနီးရှားသမ္မတနိုင်ငံက Cyclone Shelter အနီး၌ သောက်သုံးရေကန်နှင့် သက်ကယ်ကုန်းမြင့် တည်ဆောက်ထားမှု၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် ပြင်စလူမြို့ဝန်းကျင် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆေးရုံခန်းမ၌ ဒေသခံပြည်သူများအား တွေ့ဆုံ၍ အမှာစကား ပြောကြားရာတွင် မိမိတို့ ယခုကဲ့သို့ လာရောက်ကြခြင်းမှာ ယခင်က (၁၆)ခုတင်ဆံ့ ဆေးရုံဖြစ်သည့် ပြင်စလူမြို့ ဆေးရုံကို (၂၅) ခုတင်ဆံ့ဆေးရုံအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

ရှေးဦးစွာ ဤဆေးရုံကြီးအတွက် ကုန်ကျစရိတ်များအနက် အမေရိကန်ဒေါ်လာတစ်သန်း ထည့်ဝင်အကူအညီပေးခဲ့သည့် အင်ဒိုနီးရှားသမ္မတနိုင်ငံ အစိုးရနှင့် အင်ဒိုနီးရှားပြည်သူများအားလည်းကောင်း၊ ဆေးရုံကို ကိုယ်တိုင်လာရောက်ဖွင့်လှစ်ပေးသည့် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono အား လည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း ဦးစွာ ပြောကြားလိုကြောင်း။

ကျေးလက်အိမ်ရာ

ပြင်စလူဒေသသည် နာဂစ်မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးသေဆုံးမှု အလွန်များပြားခဲ့ရသော ဒေသဖြစ်ကြောင်း၊ လူဦးရေ ၄၅၀၀၀ ကျော် သေဆုံးပြီး အိုးအိမ်အဆောက်အအုံအားလုံး ပျက်စီးခဲ့ရကြောင်း၊ ထို့ကြောင့် ဤမြို့တွင် နိုင်ငံတော်အစိုးရ၊ လူမှုရေးအဖွဲ့အစည်းများနှင့် စေတနာရှင်ပြည်သူများ ပူးပေါင်း၍ ကျေးလက်အိမ်ရာ ၁၀၀၀၀ နီးပါး ဆောက်လုပ်ပေးခဲ့ကြောင်း။

ထို့အပြင် ဤဒေသသည် ပင်လယ်ကမ်းစပ်နှင့် နီးကပ်ဆက်စပ်နေသော ဒေသဖြစ်၍ သဘာဝဘေးဒဏ် ထပ်မံကြုံတွေ့လာပါက ခိုလှုံနိုင်ရန် Cyclone Shelter နှစ်လုံး တည်ဆောက်ပေးခဲ့ရုံသာမက အန္တရာယ်ကင်းရှင်းသော အရပ်ဒေသများသို့ တိမ်းရှောင်ရွှေ့ပြောင်းနိုင်ရန် ကားလမ်းကိုလည်း ဖောက်လုပ်ပေးခဲ့ကြောင်း၊ ယင်းအပြင် ကျေးရွာများအနီး၌ ကားလမ်းများကို ရေလွတ်ကုန်းမြင့်များ (Hill Lock) အဖြစ်ပါ ထည့်သွင်းတည်ဆောက်ပေးခဲ့ကြောင်း။

တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း၊ ဝန်ကြီး ဦးသိန်းညွန့်၊ ဝန်ကြီး ဦးမောင်မောင်ဆွေနှင့် အလှူရှင် ရောဝတီဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးဇော်ဇော်တို့ လူငယ့်အားမာန်သင်တန်းကျောင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ပြင်စလူမြို့၏ ယခင်ဆေးရုံအဆောက်အအုံမှာ မုန်တိုင်းဒဏ်ကြောင့် ယိုယွင်းပျက်စီးနေပြီး ကျန်းမာရေးဝန်ထမ်းများ၊ ဆေးဝါးများ ပြည့်စုံလုံလောက်မှု မရှိခဲ့ကြောင်း၊ ထို့ကြောင့် ယခုနေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်ပြီး ဆေးရုံအဆင့်ကိုပါ တိုးမြှင့်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၊ စေတနာရှင်ပြည်သူများအပြင် အင်ဒိုနီးရှားသမ္မတနိုင်ငံ အစိုးရ၏ အကူအညီတို့ဖြင့် ယခုကဲ့သို့ ပိုမိုပြည့်စုံကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု ပိုမိုပေးနိုင်တော့မည်ဖြစ်၍ အားရဝမ်းသာဖွယ်ဖြစ်ကြောင်း၊

ပြင်စလူဒေသသည် ယခင်နှင့် နှိုင်းယှဉ်လျှင် များစွာ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲနေသည်မှာ အားလုံး မျက်မြင်ကိုယ်တွေ့ပင် ဖြစ်ကြောင်း၊ ဒေသခံ ပြည်သူများသည်လည်း ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ခံစားနေကြရပြီ ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ စေတနာကို နားလည်ပြီး ဤအဆောက်အအုံကြီး မပျက်မစီးရအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန်နှင့် မိမိတို့၏ လူမှုစီးပွားဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဘဝသစ်တွင် စိတ်သစ်လူသစ်ဖြင့် အလုပ်ကြိုးစားလုပ်ကိုင်ဆောင်ရွက်သွားကြရန် လိုကြောင်း မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်သည် တက်ရောက်လာကြသူများအား ရင်းနှီးခင်မင်စွာ နှုတ်ဆက်သည်။

ပါဝင်ဖွဲ့စည်းထား

အဆိုပါ ပြင်စလူမြို့(၂၅)ခုတင်ဆံ့ ဆေးရုံသစ်ကို မက်(စ်)မြန်မာ ကုမ္ပဏီက တာဝန်ယူတည်ဆောက်သည့် Cyclone Shelter ၌ ဖွင့်လှစ်ထားပြီး ပြင်ပလူနာဌာန၊ အမျိုးသား ကုသဆောင်၊ အမျိုးသမီးကုသဆောင်၊ ကလေးကုသဆောင်၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ သားဖွားခန်း၊ သွားဘက်ဆိုင်ရာ ကုသခန်းနှင့် ခွဲစိတ်ခန်းနှစ်ခန်းတို့ ပါဝင်ဖွဲ့စည်းထားကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြင်စလူမြို့ ပြန်လည်တည်ဆောက်ပြီးစီးမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး အဖွဲ့ဝင်များနှင့်အတူ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် ပုသိမ်မြို့သို့ ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် လူငယ့်အားမာန်သင်တန်းကျောင်းအတွက် ရောဝတီဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ဇနီး ဒေါ်ဌေးဌေးခိုင် မိသားစုက လှူဒါန်းသော လူနာတင်ယာဉ်နှင့် မီးသတ်ယာဉ်တို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး မြန်မာနိုင်ငံကြက်ခြေနီအသင်း (၆၆)ကြိမ်မြောက် ဗဟိုကော်မတီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုဝင်ဘာ ၇ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပမည်ဖြစ် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးအနေဖြင့် တစ်တပ်တစ်အား ကူညီဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၉

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (၆၆)ကြိမ်မြောက် ဗဟိုကော်မတီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့ ရာဇသင်္ဂဟလမ်းရှိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနနှင့်နီးနွယ်သော ဝန်ကြီးဌာနများအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ကြက်ခြေနီကော်မတီဥက္ကဋ္ဌများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးအား ၁၉၂၀ ခုနှစ်မှ စတင်တည်ထောင်ခဲ့ရာ ယခုအခါ နှစ်ပေါင်း (၉၀)ရှိသော အတွေ့အကြုံရင့်ကျက်သည့် အမျိုးသားရေးအင်အားစုကြီးတစ်ရပ်အဖြစ် ရပ်တည်လျက်ရှိကြောင်း၊ လူမှုရေးအသင်းအဖွဲ့ကြီးတစ်ခု ဖြစ်သည်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားရေးလှုပ်ရှားမှုများတွင် တက်တက်ကြွကြွ ပါဝင်လှုပ်ရှား ဆောင်ရွက်ခဲ့သည့် အသင်းကြီးတစ်ခုလည်းဖြစ်ကြောင်း။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးအနေဖြင့်၂၀၀၈ခုနှစ် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဖြစ်ပွားခဲ့သော နာဂစ်မုန်တိုင်း ကျရောက်ခဲ့စဉ်က မုန်တိုင်းသင့်ဒေသများရှိ လူဦးရေ ၁ ဒသမ ၂ သန်း (အိမ်ထောင်စု နှစ်သိန်းကျော်)အတွက် အစားအစာ၊ ဆေးဝါး၊ အဝတ်အထည်အပါအဝင် ကယ်ဆယ်ရေးပစ္စည်းမျိုးစုံတန်ဖိုး အမေရိကန်ဒေါ်လာ ၂၂ ဒသမ၂၆သန်း (ကျပ်သန်းပေါင်း ၁၀၈ သန်းခန့်) ထောက်ပံ့ခဲ့ကြောင်း၊ ပြန်လည်ထူထောင်ရေးကာလအတွင်း အိမ်ထောင် စု ၁၀၀၀၀၀ (လူဦးရေငါးသိန်း)အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ရေကောင်းရေသန့်ရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် အိုးအိမ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်ကိုလည်း သိရှိပါကြောင်း၊ နာဂစ်မုန်တိုင်းသင့်ဒေသများ၌ စာသင်ကျောင်း၈၅ကျောင်း၊ ကျေးလက်ဆေးပေးခန်း ၂၀၊ ကျေးလက်ကြက်ခြေနီအသင်းခွဲရုံး ၁၀၀၊ မုန်တိုင်းဒဏ်ခံ လူ ၁၀၀၀ဆံ့ အဆောက်အအုံ တစ်လုံး၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ရန်ပုံငွေမှ ငွေကျပ်ခြောက်သိန်းတန် သွပ်မိုးပျဉ်ကာ အိမ်အလုံး ၁၅၀ တန်ဖိုးငွေကျပ်သိန်း၉၀၀ တို့ကို ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီး အနေဖြင့် အရေးပေါ်သူနာတင်လုပ်ငန်းအဖွဲ့ (Mobile Ambulance Squad) ဖွဲ့စည်းထားရှိရန်နှင့် ယင်းသို့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အောင်မြင်မှုရရှိစေရန်အတွက် မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ နိုင်ငံတကာ လူမှုရေးအသင်းအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်ရန် ဗဟိုကောင်စီဝင်များအနေဖြင့် ယခုညီလာခံမှ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များကို မိမိတို့ ပြည်နယ်၊ တိုင်းဒေသကြီးများသို့ ရောက်ရှိသည့်အခါ သက်ဆိုင်ရာမြို့နယ်များအထိ ပြန်လည်ဖြန့်ဝေအသိပေးပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်မှုကို ကြီးကြပ်ကွပ်ကဲရန်နှင့် နိုင်ငံတော်အနေဖြင့် တိုင်းပြည်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်ရွေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လာမည့်နိုဝင်ဘာ ၇ ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးအနေဖြင့် တစ်တပ်တစ်အား ကူညီဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ အစည်းအဝေး ဒုတိယပိုင်းအစီအစဉ်ကို ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေက အဖွင့်အမှာစကား ပြောကြားပြီး အကျိုးဆောင်အတွင်းရေးမှူး ဒေါက်တာလှဖေက (၆၅)ကြိမ်မြောက် ဗဟိုကော်မတီအစည်းအဝေး၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကာ (၆၆)ကြိမ်မြောက် ဗဟိုကော်မတီအစည်းအဝေးသို့တင်သွင်းသည့် အမှုဆောင်အဖွဲ့ အစီရင်ခံစာ၊ အစီရင်ခံသည့်ကာလအတွင်း ဘဏ္ဍာရေးအစီရင်ခံစာနှင့် နာဂစ်မုန်တိုင်းသင့် ဒေသများ၏ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေတို့ကို အမှုဆောင်ညွှန်ကြားရေးမှူး၊ အကျိုးဆောင်ဘဏ္ဍာထိန်းနှင့် အမှုဆောင်အဖွဲ့ဝင်တို့က ဖတ်ကြားတင်ပြကြသည်။

ထို့နောက် ပထမနေ့ မွန်းလွဲပိုင်းတွင် ဌာနမှူးများက ၂၀၁၀ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်နှင့် တိုင်းဒေသကြီး ကြက်ခြေနီကော်မတီဥက္ကဋ္ဌများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးများက မိမိတို့ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများကို တင်ပြကြပြီး အစည်းအဝေး ပထမနေ့ အစီအစဉ်များကို ရပ်နားလိုက်သည်။

အဆိုပါအစည်းအဝေးကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်စီးပွားရေးတက္ကသိုလ် (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၉

မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း MIEGA မှ ကြီးမှူး၍ ရန်ကုန်စီးပွားရေးတက္ကသိုလ် (၄၆)နှစ်မြောက် တည်ထောင်သောနေ့အထိမ်းအမှတ် (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် အခန်း(၁၀) နီလာရတုခန်းမ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုပါက ဦးတင်ဝင်းအောင်(ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၀၅၈၁၁၃၊ ဦးရဲမြင့်(ဒု-ဥက္ကဋ္ဌ) ဖုန်း-၂၄၆၆၃၄၊ ဦးကြည်လွင်(ဒု-ဥက္ကဋ္ဌ) ဖုန်း-၂၀၄၀၂၁၊ ဒေါ်ခင်စိုးအောင်(တွဲဖက်အတွင်းရေးမှူး)ဖုန်း-၇၀၁၁၉၆၊ ဒေါ်ကြူကြူဝင်း (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၀၉-၅၁၃၉၉၇၀၊ ဦးတင်လှိုင်(တွဲဖက်အတွင်းရေးမှူး) ဖုန်း-၆၅၁၄၀၀၊ ဒေါ်ကြိုင်ကြိုင်ထွန်း(တွဲဖက်ဘဏ္ဍာရေးမှူး) ဖုန်း-၇၀၆၉၃၀၊ ဒေါ်နန့်မေစန်း (အကျိုးဆောင်-စာရင်းစစ်) ဖုန်း-၃၇၇၂၉၀ နှင့် ဒေါ်သန်းသန်းဝင်း (ဗဟိုအလုပ်အမှုဆောင်) ဖုန်း-၀၉-၅၀၀၆၉၂၈ တို့သို့ ဆက်သွယ်နိုင်ပြီး ဘဏ်စာရင်းအမှတ် မြန်မာ့စီးပွားရေးဘဏ် ငွေစုဘဏ်ခွဲ(၃) Current account CF 000056 သို့ တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြင်းမူစည်ပင် အိုင်အိုဒင်းဆား စစ်ဆေး

မြင်းမူ စက်တင်ဘာ ၂၉

မြင်းမူမြို့ မြို့မဈေးအတွင်း မိခင်နှင့်ကလေး ကျန်းမာရေးဦးစီးဌာန တာဝန်ခံဆရာဝန် ဒေါက်တာစန်းစန်းဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး (အခွန်) ဒေါ်တိုးတိုးသန်း ဦးဆောင်သော ဝန်ထမ်းများဖြင့် ဩဂုတ် ၂၄ ရက်က အိုင်အိုဒင်းဆားရောင်းချမှုကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြောင်စည်ပင် ခြင်ဆေးဖျန်း

မြောင် စက်တင်ဘာ ၂၉

မြောင်မြို့၌ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၅ ရက်က အခြေခံပညာမူလတန်းကျောင်း အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃)၊ အမှတ်(၄) တို့၌ ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်ကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်နိုင်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမင်းထွန်းတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကတ္တရာထပ်ပိုးလွှာခင်းရန် ကျောက်စုဆောင်း

နတ်တလင်း စက်တင်ဘာ ၂၉

နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်း ဒမငယ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် ကျောက်များ စုဆောင်းထားမှုကို စက်တင်ဘာ ၁၅ ရက်က ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မော်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးညာဏ်စိုးတို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

တနိုင်းမြို့ တပင်ရွှေထီးလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်

တနိုင်း စက်တင်ဘာ ၂၉

တနိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် မြို့ပြငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော တပင်ရွှေထီးနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းအတွက် ကျောက်စုဆောင်းထားရှိမှုကို မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးဝင်းမြတ်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဇော်ဦးတို့က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

အမြို့မြို့အနယ်နယ်တွင် သာယာစည်ပင်

မလှိုင်- နွားထိုးကြီးလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို မလှိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ပလက်ဝမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ရေမြောင်းများ ရှင်းလင်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးမောင်ဝင်းလှိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပတ္တမြားဈေးအတွင်း မိုးရာသီ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အင်္ဂပူမြို့မဈေးအတွင်း အိုင်အိုဒင်းဆားရောင်းချနေမှုကို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ညောင်လေးပင်မြို့ ဘုရားကြီးလမ်းတစ်လျှောက် လမ်းဘေး ဝဲ၊ ယာ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းနေမှုကို အမှုဆောင်အရာရှိ ဦးအမ်လှသောင်း ကွင်းဆင်းကြီးကြပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတကာသတင်းများ

အီရတ်နိုင်ငံ ဘာဆရာပြည်နယ်အတွင်း စစ်ဆင်ရေးတစ်ရပ် ပြုလုပ်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်များ။

ဗြိတိသျှတပ်များ ဘာဆရာပြည်နယ်တွင် အရှုံးနှင့် ရင်ဆိုင်ခဲ့ရဟုဆို

ကဘူး စက်တင်ဘာ ၂၉ - အီရတ်နိုင်ငံ ဘာဆရာပြည်နယ်၌ ဗြိတိသျှတပ်များ အဆုံးအရှုံးနှင့် ရင်ဆိုင်ခဲ့ရပြီး ယင်းပြည်နယ်သူ၊ ပြည်နယ်သားများကို အကြမ်းဖက်သမားများလက်ဝယ်သို့ ဝကွက်အပ်ခဲ့ကြောင်း အမေရိကန်စစ်ဘက် ထိပ်တန်းတာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၂၉ ရက်တွင် ပြောကြားသည်။

ဗြိတိသျှတပ်များ ထွက်ခွာသွားပြီးနောက် ဘာဆရာပြည်နယ်၌ တင်းကျပ်သော အစ္စလာမ့်စဉ်ပဒေပြဋ္ဌာန်းခံခဲ့ရပြီး အမျိုးသမီး ၄၅ ဦး အသတ်ခံခဲ့ရကြောင်း ဘာဆရာဒေသခံများက ပြောကြားသည်။ ဗြိတိသျှတပ်ဖွဲ့များသည် ၎င်းတို့ကိုယ်ကို ကာကွယ်ရန် ဘာဆရာပြည်နယ်သူ၊ ပြည်နယ်သားများကို စွန့်ခွာရန် ကြိုးပမ်းခဲ့ကြောင်း ဘာဆရာဒေသခံတစ်ဦးက ပြောသည်။

၂၀၀၃ခုနှစ် အီရတ်ကျူးကျော်စစ် စတင်ပြီးနောက်ပိုင်းမှစ၍ ဘာဆရာပြည်နယ်သည် ဘဂ္ဂဒက်မြို့တော်နှင့် အီရတ်အလယ်ပိုင်းဒေသများထက် အကြမ်းဖက်တိုက်ခိုက်ခံရမှု ပိုများပြားခဲ့သော်လည်း ၂၀၀၆ခုနှစ်မှစတင်၍ စစ်သွေးကြွသောင်းကျန်းသူများသည် ဘာဆရာပြည်နယ်ရှိ ဗြိတိသျှတပ်ဖွဲ့ဝင်များကို ပိုမိုပစ်မှတ်ထား တိုက်ခိုက်လာခဲ့သည်။

အီရတ်နိုင်ငံတောင်ပိုင်းရှိ ဗြိတိသျှတပ်ဖွဲ့များ၏တပ်မှူး ဂျိုနသန်ရှောက ယင်းဆုံးဖြတ်ချက်ကို ဗြိတိသျှအစိုးရ၏ နိုင်ငံရေးဆိုင်ရာ သုံးသပ်ဆုံးဖြတ်ခဲ့မှုများကြောင့် ချမှတ်ခဲ့ရခြင်းဖြစ်ကြောင်း ပြောကြားသည်။ **ဒေးလီးမေးလ်။**

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် စက်တင်ဘာ ၂၉

. အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး စက်တင်ဘာ၂၉ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၃၆၅၀ ဦး ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၁၂၇၃၄၈၃ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူအီရတ်ပြည်သူများ	၇၀၃၆၅၀ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၃၄၈၃ ဦး

အင်တာနက်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး စက်တင်ဘာ ၂၉

. အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး စက်တင်ဘာ၂၉ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၂၃၁ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၉၉၄၄ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူအာဖဂန်ပြည်သူများ	၃၃၂၃၁ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၉၉၄၄ ဦး

အင်တာနက်။

အာဖဂန်စစ်ပွဲ ထောက်ခံသူ အရေအတွက် လျော့နည်းလာ

ဝါရှင်တန် စက်တင်ဘာ ၂၉

အမေရိကန် သတင်းဌာနများ၏ စစ်တမ်းကောက်ယူချက်အရ အမေရိကန်နိုင်ငံသားများအတွင်း အာဖဂန်စစ်ပွဲနှင့် ပတ်သက်၍ အဆိုးဘက်မှ မြင်သူများ များပြားလျက်ရှိပြီး အမေရိကန်နိုင်ငံသား ၁၀ ဦးလျှင် ခြောက်ဦးက အာဖဂန်စစ်ပွဲကို ဆန့်ကျင်ကြကြောင်း စက်တင်ဘာ ၂၈ ရက် သတင်းများတွင် ဖော်ပြသည်။

စီအင်န်အင်န်သတင်းဌာန၏ စစ်တမ်းကောက်ယူချက်အရ အမေရိကန်နိုင်ငံသား ၅၈ ရာခိုင်နှုန်းသည် အာဖဂန်စစ်ပွဲကို ဆန့်ကျင်ကြပြီး ယင်းသို့ ဆန့်ကျင်သူများထဲတွင် ဒီမိုကရက်တစ်ပါတီဝင်များက အများဆုံးဖြစ်ကြောင်း သိရသည်။

အဆိုပါ စစ်တမ်းအရ စက်တင်ဘာလအစပိုင်းမှစ၍ အာဖဂန်စစ်ပွဲကို ထောက်ခံသူ အရေအတွက်သည် ဒီမိုကရက်တစ်ပါတီဝင်များအကြား ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ရီပတ်ဘလီကန်နှင့် အခြားလွတ်လပ်သော ပါတီအဖွဲ့အစည်းများအကြားတွင် အပြောင်းအလဲ မရှိကြောင်း သိရသည်။ **အင်တာနက်။**

အယ်လ်ခိုင်ဒါ ခေါင်းဆောင်တစ်ဦး နေတိုးထိုးစစ်တွင် သေဆုံး

ကဘူး စက်တင်ဘာ ၂၉

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းရှိ အာရပ်စစ်သွေးကြွအုပ်စုများနှင့် ၎င်းတို့၏ အကြမ်းဖက်တိုက်ခိုက်မှုများတွင် ပါဝင်ပတ်သက်သူ အယ်လ်ခိုင်ဒါစစ်သွေးကြွခေါင်းဆောင်တစ်ဦးသည် နေတိုးတပ်ဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပါကစ္စတန်နယ်စပ်တွင် သေဆုံးခဲ့ကြောင်း နေတိုးတပ်ဖွဲ့က စက်တင်ဘာ ၂၉ ရက်တွင် ပြောကြားသည်။

အဗ္ဗဒူအူမာအယ်လ်ကွာရေရှီ အမည်ရှိ အယ်လ်ခိုင်ဒါစစ်သွေးကြွခေါင်းဆောင်သည် အာဖဂန်နစ္စတန်နိုင်ငံ ကူနာပြည်နယ်အရှေ့ပိုင်း၌ စက်တင်ဘာ ၂၅ ရက် နေတိုးတပ်ဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုတွင် သေဆုံးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ **ဒေးအက်ဖ်ပီ။**

(၁၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၉

၂၀၁၀ခုနှစ် (၁၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့တွင် တောင်ငူဇုန်နှင့် ပဲခူးဇုန်တို့၌ ကျင်းပရာ တောင်ငူဇုန်၌ ပဲခူးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ ပဲခူးဇုန်၌ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာ အားကစားသတင်း နိုင်ငံတကာ အားကစားသတင်း

အေစီမီလန်မှလွဲ၍ ကျန်အသင်းကြီးများအမှတ်ပြည့်ရခဲ့သည့် ချန်ပီယံလိဂ် အုပ်စုအဆင့် ဒုတိယပွဲစဉ်များ

ဝင်းတင် (ကြေးမုံ)

လန်ဒန် စက်တင်ဘာ ၂၉

ချန်ပီယံလိဂ် အုပ်စုအဆင့် ဒုတိယပွဲစဉ်၏ ပထမနေ့ပွဲစဉ်များကို ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ အေစီမီလန်မှလွဲ၍ ကျန်အသင်းကြီးများအားလုံး နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည်။

ချယ်လ်ဆီး ၂-၀ မာဆေးလ်

အင်္ဂလန်မြေ စတမ်းဖို့ဒ်ဘရစ်ချ်တွင် အုပ်စု (F) မှ ချယ်လ်ဆီးနှင့် မာဆေးလ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်ချယ်လ်ဆီးက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ချယ်လ်ဆီးအတွက် ဂိုးများကို ပွဲချိန်ခုနစ်မိနစ်တွင် ဂျွန်တယ်ရီနှင့် ပွဲချိန် ၂၈ မိနစ်တွင် အနယ်လ်ကာ (ပယ်နယ်တီ)တို့က သွင်းယူခဲ့သည်။

ချယ်လ်ဆီးအတွက် အဖွင့်ဂိုးကို ဂျွန်တယ်ရီ သွင်းယူစဉ်။

ပါတီဇန် ၁-၃ အာဆင်နယ်

ဆာဘီးယားကလပ် ပါတီဇန်နှင့် အာဆင်နယ်တို့ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲတွင် အာဆင်နယ်က အဝေးကွင်းတွင် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ယခုပွဲတွင် အာဆင်နယ်အတွက် အဖွင့်ဂိုးကို ပွဲချိန် ၁၅ မိနစ်တွင် အာရှာဗင်ကသွင်းယူခဲ့ပြီး ၃၃ မိနစ်တွင် ပါတီဇန်အတွက် စီလီယိုက ပယ်နယ်တီမှ ချေပဂိုး ပြန်လည်သွင်းယူခဲ့သည်။ ၅၇ မိနစ်တွင် ပါတီဇန်ကစားသမား ဂျိုဗန်နိုဗစ် အနီကတ်ဖြင့် ထွက်ခဲ့ရသည့်အပြင် အာဆင်နယ်ကို ပယ်နယ်တီပေးခဲ့ရသည်။ ယင်းပယ်နယ်တီကို အာရှာဗင် ကန်သွင်းခဲ့သော်လည်း ဂိုးမဝင်ခဲ့ပေ။ ထို့နောက်ပိုင်းတွင် အာဆင်နယ်အတွက် အနိုင်ဂိုးများကို ၇၁ မိနစ်တွင် ချာမက်ခ်နှင့် ၈၂ မိနစ်တွင် စကွီလာစီတို့က သွင်းယူပေးခဲ့ခြင်းကြောင့် အာဆင်နယ်အသင်း အဝေးကွင်းတွင် အဖိုးတန်သုံးမှတ် ရယူနိုင်ခဲ့သည်။

အော်ဇေး ၀-၁ ရီးယဲလ်မက်ဒရစ်

ပြင်သစ်ကလပ် အော်ဇေးနှင့် နာမည်ကြီး ရီးယဲလ်မက်ဒရစ်တို့ပွဲတွင် ရီးယဲလ်မက်ဒရစ်အသင်းက ဒီမာရီယာ၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းဂိုးကို ပွဲချိန် ၈၁ မိနစ်ရောက်မှ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ***အင်တာနက်။***

အခြားပွဲစဉ်ရလဒ်များ

အိုင်းယက်စ်	၁-၁	အေစီမီလန်
ဘေဆယ်	၁-၂	ဘိုင်ယန်မြူးနစ်
ဘရာဂါ	၀-၃	ရှက်တာဒိုးနက်
ရိုးမား	၂-၁	ကလုချ်
စပါးတပ်မော်စကို	၃-၀	ဇီလီနာ

တစ်နိုင်ငံလုံးတွင် အများအားဖြင့် မိုးလျော့နည်းနိုင်

နေပြည်တော် စက်တင်ဘာ ၂၉

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်။ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ဖျာပုံမြို့တွင် ၃ ဒသမ ၂၇ လက်မ၊ ညောင်ဦးမြို့တွင် ၂ ဒသမ ၂၅ လက်မ၊ ခရမ်းမြို့တွင် ၁ ဒသမ ၇၇ လက်မနှင့် ရန်ကုန်မြို့လယ်တွင် ၁ ဒသမ ၁၁ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

စက်တင်ဘာ ၃၀ ရက် ညနေထိခန့်မှန်းချက်။ ။ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ တစ်ပြည်လုံးတွင် အများအားဖြင့် မိုးအား လျော့နည်းနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

သုံးခွစည်ပင် ကျေးလက်လမ်း ဆိုင်းဘုတ်စိုက်ထူ

သုံးခွ စက်တင်ဘာ ၂၉

သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ စက်တင်ဘာ ၆ ရက်က ရဲနွံ့ကျေးလက်လမ်း ဆိုင်းဘုတ်စိုက်ထူခြင်း လုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်မျိုးလှိုင်က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်
သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၁-၁-၂၀၁၁ ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အရပ်အမြင့် (၅)ပေ(၃)လက်မ ရှိရမည်။

(ဃ) ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက် မနည်းရ ပေါင်(၁၄၀)ထက်မကျော်ရ။

(င) မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို တိုင်းစစ်ဌာနချုပ်များတွင် ၃၀-၉-၂၀၁၀ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၁၄-၁၁-၂၀၁၀ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်း/မြို့နယ်ရဲတပ်ဖွဲ့/စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံကို ပူးတွဲတင်ပြရမည်။

၄။ သင်တန်းဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း စစ်ဆေးမည်။ မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၂၈-၁၁-၂၀၁၀ ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုကြရမည်-

(က)	အင်္ဂလိပ်စာ	။	နံနက်	(၉)နာရီမှ	(၁၁)နာရီထိ။
(ခ)	ဇီဝဗေဒ	။	နေ့လယ်	(၁)နာရီမှ	(၃)နာရီထိ။

၅။ ဖြေဆိုရမည့် ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်း ဖြစ်သည်။

၆။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၂၀-၁၂-၂၀၁၀ ရက်နေ့မှ ၂၃-၁၂-၂၀၁၀ ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ် စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အသေးစိတ်သိလိုသောအချက်များကို တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

၇။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၄၅၀၀ဝိ/-)၊ ဒုတိယနှစ်(၄၆၀၀ဝိ/-)၊ တတိယနှစ်(၄၇၀၀ဝိ/-)၊ စတုတ္ထနှစ်(၄၈၀၀ဝိ/-)ရရှိမည်။

၈။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှု သိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ပညာသည်ဘွဲ့(ရောဂါရှာဖွေရေးပညာ) B.P.Sc(Med. Tech)
Bachelor of Paramedical Science(Medical Technology)

(ဃ) ဆေးဘက်ပညာသည်ဘွဲ့(ဓာတ်မှန်ရိုက်ပညာ) B.P.Sc(Radiography)
Bachelor of Paramedical Science(Radiography)

(င) ဆေးဘက်ပညာသည်ဘွဲ့(ကာယကုသမှုပညာ) B.P.Sc(Physiotherapy)
Bachelor of Paramedical Science(Physiotherapy)

၉။ သင်တန်းပြီးဆုံးပြီးနောက် တပ်မတော်တွင် အနည်းဆုံး(၁၀)နှစ် အမှုထမ်းဆောင်ရမည်။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသုံး လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ယနေ့ကမ္ဘာကြီးမှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ပြဿနာများကို ဖြေရှင်းရေးအတွက် ကုလသမဂ္ဂအဖွဲ့ကြီးဟာ အကောင်းဆုံးစင်မြင့်တစ်ခုဖြစ်

ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးကို အရှိန်အဟုန်နဲ့ဆောင်ရွက်ပြီး ကုလသမဂ္ဂရဲ့အခန်းကဏ္ဍ ခိုင်မာရေးကို ဆောင်ရွက်ကြဖို့လို

မြန်မာနိုင်ငံဟာ လက်ရှိကာလမှာ နိုင်ငံရေးပြောင်းလဲမှုရဲ့ အရေးပါတဲ့အဆင့်ကို ဖြတ်သန်းလျက်ရှိ

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ခုနှစ် နိုဝင်ဘာလ (၇)ရက်နေ့မှာ ကျင်းပရန် စီစဉ်ပြီးဖြစ်

မူဝါဒရေးရာ မိန့်ခွန်းပြောကြား

(၆၅)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အထွေထွေမူဝါဒရေးရာ မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၂၉

(၆၅)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကို အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ကျင်းပလျက်ရှိသည်။

အဆိုပါညီလာခံ၌ တက်ရောက်လျက်ရှိသည့် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် အထွေထွေမူဝါဒရေးရာ မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့သည်။

ယင်းမိန့်ခွန်း အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

သဘာပတိကြီးခင်ဗျား-

အဆွေတော်အား (၆၅)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံရဲ့ သဘာပတိအဖြစ် ထိုက်ထိုက်တန်တန် ရွေးချယ်ခြင်းခံရတဲ့အတွက် ကျွန်တော့်အနေနဲ့လည်းကောင်း၊ ကိုယ်စားလှယ်အဖွဲ့ ကိုယ်စားလည်းကောင်း လှိုက်လှဲစွာ ဂုဏ်ပြုပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ အဆွေတော်ရဲ့ အသိပညာပြည့်ဝပြီး စွမ်းဆောင်နိုင်တဲ့ ဦးဆောင်မှုအောက်မှာ ကျွန်တော်တို့ရဲ့လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ပါတယ်။

အဆွေတော်မတိုင်မီ ယမန်နှစ်က သဘာပတိတာဝန်ထမ်းဆောင်ခဲ့တဲ့ လစ်ဗျားနိုင်ငံမှ မစ္စတာ အလီအဗ္ဗဒူဆလမ်ထရက်ကီကိုလည်း ကျွန်တော်တို့ ကိုယ်စားလှယ်အဖွဲ့က ကျေးဇူးတင်ရှိပါကြောင်း အခွင့်ကြုံခိုက် ဖော်ပြလိုပါတယ်။

ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေး

ယနေ့ကမ္ဘာကြီးမှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ ပြဿနာများကို ဖြေရှင်းရေးအတွက် နိုင်ငံစုံဆက်ဆံရေးစနစ်ကို ကျင့်သုံးရာမှာ ကုလသမဂ္ဂအဖွဲ့ကြီးဟာ အကောင်းဆုံးစင်မြင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❑

တအာင်း(ပလောင်) အမျိုးသားပါတီ ဗဟိုကော်မတီဝင် ဦးတင်မောင်၏ ဟောပြောတင်ပြချက်ကို စာမျက်နှာ(၄)နှင့် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ ဥက္ကဋ္ဌ ဦးငွေသိန်း၏ ဟောပြောတင်ပြချက်ကို စာမျက်နှာ(၅)တွင် ဖော်ပြထားပါသည်။